ကတည္ရတာ ဇေတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၄၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီတလီနိုင်ငံနှစ်ပတ်လည်နေ့ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၂

၂၀၀၄ခုနှစ် ဇွန်လ ၂ ရက်နေ့တွင်ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့်နှစ်ပတ်လည်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီတလီသမ္မတနိုင်ငံ သမ္မတမစ္စတာကာလို၊ အာဇေလီယိုချမ်ပီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်အား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဇွန် ၁

မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီအာမက် ဘာဒါဝီ၏ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မလေးရှားနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့နံနက် ၇ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားသည်။

စာမျက်နှာ ၃ ကော်လံ ၅

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားနိုင်ငံသို့ ရောက်ရှိ ဝန်ကြီးချုပ် ဒါတိုဆီရီအဗ္ဗဒူလာ ဘင် ဟာဂျီအာမက် ဘာဒါဝီ ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို

ရန်ကုန် ဇွန် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီအာမက် ဘာဒါဝီ၏ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၇ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ထွက်ခွာခဲ့ကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလာသည့် လေယာဉ်သည် ကွာလာလမ်ပူမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင်ရောက်ရှိရာ မလေးရှားနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးလှမောင်နှင့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ဌာန အကြီးအကဲ Yahaya bin Abdul Jabar တို့သည် လေယာဉ်ပေါ်သို့တက်ရောက်၍ ဧည့်သည်တော်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇွန်လ ၂ ရက်)

တောင်သူလယ်သမားများ ဝင်ငွေတိုးစေမည့် ဈေးကွက်ဝင်သီးနှံများ အလေးထားတိုးချဲ့စိုက်ပျိုး

ပြည်ထောင်စုမြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်။ နိုင်ငံတော်၏ အဓိက စီးပွားရေးလုပ်ငန်းသည်လည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှ အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိသည်။ စိုက်ပျိုးရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေဖူလုံစွာ ရရှိစေရန် နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါးပိုလျှံထွက်ရှိရေး၊ စားသုံးဆီဖူလုံရေး၊ ပြည်ပပို့ကုန် ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေး ရည်မှန်းချက်များဖြင့် စီမံဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် တောင်သူလယ်သမားများ ဝင်ငွေတိုးစေနိုင်မည့် သီးနှံအမျိုးအစားအသစ်များ တိုးချဲ့စိုက်ပျိုးရေး၊ ဈေးကွက်ဝင်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာများ အားပေးကူညီလျက်ရှိသည်။

ယခုအခါ နိုင်ငံတကာဈေးကွက်တွင် ဈေးကောင်းရလျက်ရှိသည့် ကော်ဖီသီးနှံကို ငါးနှစ်စီမံကိန်းဖြင့် ဧကတစ်သိန်းအထိ စိုက်ပျိုးသွားရန် စီမံကိန်းချမှတ်ပြီး ပြည်နယ်နှင့်တိုင်းများတွင် ကော်ဖီဇုန်များဖွဲ့၍ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မြန်မာ့ကော်ဖီစေ့၏ အရည်အသွေးသည် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသော မျိုးစေ့ဖြစ်ကြောင်း တွေ့ရှိရသဖြင့် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများ ပံ့ပိုးပေးခြင်းဖြင့် အဆင့်အတန်းမြင့်မြင့် ကမ္ဘာ့ဈေးကွက်ဝင် သီးနှံအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်သည်။ ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းက ကော်ဖီစိုက်ပျိုးထုတ်လုပ်နေသည့် တောင်သူများအား လိုအပ်သည့် ပံ့ပိုးမှုများ ဖြည့်ဆည်း၍ အားပေးကူညီလျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ကိုင်သူများ ဝင်ငွေတိုးစေရေးအတွက် တိုးချဲ့စိုက်ပျိုးသင့်သော အခြားသီးနှံတစ်မျိုးမှာ ငရုတ်ကောင်းဖြစ်သည်။ ငရုတ်ကောင်းသီးနှံသည် အဖိုးတန် ဟင်းခတ်အမွှေးအကြိုင် တစ်မျိုးဖြစ်ပြီး ကမ္ဘာ့အပူပိုင်း ဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိသည်။

ငရုတ်ကောင်းပင်သည် ပူအိုက်စွတ်စိုသော ရာသီဥတုကို ကြိုက်နှစ်သက်ပြီး တစ်နှစ်ပတ်လုံး မိုးကောင်းမွန်စွာ ရွာသွန်းသောဒေသများတွင် ပိုမိုဖြစ်ထွန်းသည်။ ပူပြင်းခြောက်သွေ့သော ဒေသဖြစ်ပါက ရေသွင်း၍ စိုက်ပျိုးနိုင်သည်။

မြန်မာနိုင်ငံတွင် ငရုတ်ကောင်းသီးနှံကို ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ကောင်းစွာစိုက်ပျိုးဖြစ်ထွန်းသည်။ ငရုတ်ကောင်းပင်များကို ကိုင်းဖြတ်မျိုးပွားနည်းဖြင့် လွယ်ကူစွာ မျိုးပွားစိုက်ပျိုးနိုင်သည်။

ငရုတ်ကောင်းသီးနှံကို စနစ်တကျစိုက်ပျိုးပါက ငရုတ်ကောင်းတစ်ပင်မှ ငရုတ်ကောင်းအစေ့ခြောက် သုံးပိဿာခန့်ထွက်ရှိသဖြင့် ငရုတ်ကောင်း တစ်ဧကလျှင် တစ်နှစ်ပျမ်းမျှ ငရုတ်ကောင်းအစေ့ခြောက် ပိဿာချိန် ၆၀၀ခန့် ထွက်ရှိနိုင်ကြောင်း သိရသည်။ လက်ရှိငရုတ်ကောင်းဈေးနှုန်းဖြင့် တွက်ချက်ကြည့်ပါက တွက်ခြေကိုက်ပြီး စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်သည်။

နှစ်ရှည်ပင်ဖြစ်သော သစ်ဆိမ့်ပင်သည် ရေ၊ မြေ ဒေသမရွေး ပေါက်ရောက်ဖြစ်ထွန်းသည့် အပင်ဖြစ်ပြီး သစ်ဆိမ့်ပင်တစ်ပင်မှ တစ်နှစ်လျှင် အသီး ၁၀တင်းခန့်ရရှိရာ အဆိုပါ အသီးများကို ကြိတ်လျှင် ဆီခြောက်ပိဿာခန့်ရရှိနိုင်ကြောင်း သိရသည်။ တစ်ဧကလျှင် သစ်ဆိမ့်ပင် အပင် ၅၀ခန့် စိုက်ပျိုးနိုင်သဖြင့် တစ်နှစ်လျှင် သစ်ဆိမ့်ပင် တစ်ဧကမှ စားသုံးဆီ ပိဿာ၃၀၀ခန့် ရရှိနိုင်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သစ်ဆိမ့်ပင်သုတေသနလုပ်ငန်းနှင့် တိုးချဲ့စိုက်ပျိုးခြင်းလုပ်ငန်းနှစ်ခုကို တစ်ပြိုင်နက် အကောင်အထည်ဖော်လျက်ရှိသည်။

ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပဲခူးတိုင်း၌ ပဲခူးခရိုင်၊ မွန်ပြည်နယ်၌ သထုံခရိုင်နှင့် မော်လမြိုင်ခရိုင်၊ မန္တလေးတိုင်း၌ ပြင်ဦးလွင်ခရိုင်၊ မကွေးတိုင်း၌ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့တွင် ၂၀၀၂-၂၀၀၃ခုနှစ်မှ ၂၀၀၆-၂၀၀၇ခုနှစ် အထိ ငါးနှစ်အတွင်း သစ်ဆိမ့်ပင် စုစုပေါင်း ဧက ၃၀၀၀၀အထိ တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

သစ်ဆိမ့်ပင်စိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးအမြတ်ဖြစ်ထွန်းနိုင်ပြီး ပြည်တွင်းစားသုံးဆီ ဖူလုံရေး၊ ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးအတွက်လည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံတကာဈေးကွက်ရှိသည့် ကော်ဖီသီးနှံအပါအဝင် ဆန်စပါး၊ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် စိုက်ပျိုးရာတွင် လွယ်ကူပြီး တောင်သူလယ်သမားများအတွက် တွက်ခြေကိုက် ဝင်ငွေတိုးစေမည့် ငရုတ်ကောင်းသီးနှံနှင့် ဆီထွက်သီးနှံ သစ်ဆိမ့်ပင်တို့ကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်ချုပ်ဌေးဦးခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဇီချွမ်ပြည်နယ်ချန်ဒူးမြို့၌ မေ ၂၅ရက်မှ ၂၈ရက်အထိ ကျင်းပသည့် ပဉ္စမအကြိမ် တရုတ်ပြည်အနောက်ပိုင်း အပြည်ပြည်ဆိုင်ရာ စီးပွားရေးကုန်စည်ပြပွဲသို့ တက်ရောက်ခဲ့သော သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံသံမှူး Mr. Yu Boren၊ စီးပွားရေးသံမှူးကြီး Mr.Tang Hai နှင့် သမဝါယမဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသောသမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လှိုင်၊ ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်နှင့် Exo Gift အမှတ်တရပစ္စည်း အရောင်းဆိုင်ဥက္ကဋ္ဌ ဦးအေးမင်းဦးတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းရောင်စုံ ပိုစတာပြိုင်ပွဲ ဆုရသူများ

ရန်ကုန် ဇွန် ၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်က ဖိတ်ခေါ်ကျင်းပခဲ့သည့် ၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းရောင်စုံပိုစတာပြိုင်ပွဲ ဆုရရှိသူများမှာ ပထမ မောင်ကျော်တင့် ၁၂/ ဗဟန(နိုင်)၀၉၄၆၇၆၊ ဒုတိယ ဦးအောင်မိုး ၁၂/တမန(နိုင်)၀၄၇၈၈၁၊ တတိယ မသဇင်စိုးမြင့် ၁၂/တမန (နိုင်)၀၉၉၆၃၂ နှင့် ဂုဏ်ပြုဆုရရှိသူများမှာ ရဲထွဋ်အောင်(လောကနတ်ပန်းချီ) KTN-၀၉၁၉၁၂၊ မောင်စည်သူအောင် ၁၂/ သဃက(နိုင်)၁၆၁၈၈၈၊ ကိုထွေး KTN-၀၄၅၆၇၉၊ မောင်ဇင်ကိုကို ၁၂/ကမတ(နိုင်) ၀၆၆၁၉၂၊ ဖိုးရွှေလမင်း(၁၂/ ကတန (နိုင်)၀၀၇၄၃၃)၊ ဦးမောင်မောင်(၁၂/ကတန(နိုင်)၀၁၄၇၃၉)၊ မခိုင်သရဖီဒင် (ဗိုလ်တထောင်မြို့နယ်)၊ မောင်နေသူရိန် မင်း (ပန်းချီပန်းပု)၊ ဒီဇိုင်းဇော်ထက်(အာခီတက်-မန္တလေး) KTA-၀၅၃၉၇၅ တို့ ဖြစ်ကြသည်။

ဆုများကို ဇွန် ၅ရက်တွင် ကျင်းပမည့် ၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်၍ ဆုရရှိသူများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဇွန် ၄ ရက် နံနက် ၁၁ နာရီအရောက် သတင်းပို့ဆက်သွယ်ကြပါရန် အသိပေးနှိုးဆော်ထားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ရည်ရွယ်ချက်လေးရပ်ဖြင့် ပုံနှိပ်အတတ်ပညာသင်ကြားပေးနေ ယုံကြည်မှုအပြည့်ဖြင့် လုပ်ငန်းနယ်ပယ်၌ ထူးချွန်အောင်လုပ်ဆောင်

ရန်ကုန် ဇွန် ၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးဖွင့်လှစ်ခဲ့သော အခြေခံပုံနှိပ်အတတ်ပညာသင်တန်း အမှတ်စဉ် (၁/၂၀၀၄)သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်၁၀နာရီက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်းရှိ ဂျီတီစီ ပုံနှိပ်စက်ရုံသင်တန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများအား ထူးချွန်ဆုများချီးမြှင့်ကာ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အကြံပေးပုဂ္ဂိုလ်နှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရည်ရွယ်ချက်လေးရပ်ဖြင့်သင်ကြား

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားရာတွင် **(ယာပုံ)** အခြေခံပုံနှိပ်အတတ်ပညာကို စနစ်တကျတတ်ကျွမ်းစေရန်၊ ဝန်ထမ်းများ စိတ်ပိုင်းဆိုင်ရာနှင့် ကျွမ်းကျင်မှု အရည်အသွေး မြင့်မားစေရန်၊ ဌာနဆိုင်ရာအခြေခံအတတ်ပညာ ဖွံ့ဖြိုးတိုးတက် စေရန်နှင့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင် အဆင်သင့် ဖြစ်စေရန်ဟူသည့် ရည်ရွယ်ချက်လေးရပ်ဖြင့် အခြေခံပုံနှိပ် အတတ်ပညာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေခြင်း ဖြစ်ကြောင်း။

သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းက ပို့ချသင်ကြားပေးလိုက်သော အတတ်ပညာ၊ အသိပညာ၊ နည်းပညာများကို ယုံကြည်မှု အပြည့်ဖြင့် တန်ဖိုးထားပြီး မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ်၌ ထူးချွန်ထက်မြက်အောင် လုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထူးချွန်ဆုချီးမြှင့်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သင်တန်းတွင် ထူးချွန်ဆုရရှိကြသော ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူး မြင့်အောင်၊ ဒုတိယဆုရ ဂျီတီစီ ပုံနှိပ်စက်ရုံမှ ဦးကျော်ချစ်စိုး နှင့် တတိယဆုရ တနင်္သာရီတိုင်း မြိတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးမင်းလွင်ဦးတို့အား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးမြင့်အောင်က လက်ခံကာ သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၈ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံချစ်ကြည်ရေးခရီးမှပြန်လည်ရောက်ရှိလာသောနိုင်ငံတော်ဝန်ကြီးချုပ်အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဇွန် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီအာမက် ဘာဒါဝီ၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် ယနေ့ညနေ ၅ နာရီ ၅၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည် ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေ ကိုယ်စားလှယ်များ၊ မလေးရှားနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် တာဝန် ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါ လာကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ မလေးရှားနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

■ ရှေ့ပိုင်းမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူ သမ္မတ နိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြား သံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေ ကိုယ်စားလှယ်များ၊ မလေးရှားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဌာနဆိုင်ရာများလိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ်၊ နယုန်လပြည့်နေ့ (ဥပုသ်နေ့)
၂-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပွါတသန္တိပါဠိတော်
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	**နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့(အဖွဲ့ဝင်)မွန်ပြည်နယ်၊ သထုံမြို့ လယ်ဝန်ကျောင်းတိုက် ပဓာနနာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသီရိန္ဒ ဟောကြားတော်မူသော “မဟာသမယသုတ္တန် တရားတော်”**
၈:၂၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈:၃၀	၆။	International News
၈:၄၅	၇။	Learning English The Easy and Happy Way for Children and Beginners
၉:၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၆:၄၅	၄။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၀	၅။	ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၇:၁၅	၆။	သီချင်းကြီးပဒေသာ
၁၇:၃၀	၇။	အိမ်တွင်းမှုသိပ္ပံတိုင်းရင်းသားရိုးရာအစားအစာ(ရခိုင်)
၁၇:၄၀	၈။	ဓမ္မပူဇာတေးအစီအစဉ်
၁၇:၅၅	၉။	ကမ္ဘာ့ဝိပဿနာစေတီတော်
၁၈:၁၀	၁၀။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၈:၂၀	၁၁။	Discovery
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	ကိုးကန့်တိုင်းရင်းသားတို့ရဲ့ဂျင်ပေါက်ပွဲ
၁၉:၁၅	၁၅။	**သီတဂူဆရာတော် အရှင်ဉာဏိသရ၏ နယုန်လပြည့်မဟာသမယကြီးကျယ်ထူးမြတ်သည့် အခါတော်နေ့**
၁၉:၄၀	၁၆။	ကျေးလက်ဒေသတစ်ခွင်အလှဆင်
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်ဆိုသည်မှာ”** (အပိုင်း-၄၃)
	၂၁။	မင်းကွန်းဆရာတော် ဘုရားကြီးဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

စီးပွားကူးသန်းဂျာနယ် အတွဲ ၄၊ အမှတ် ၁၀ ဖြန့်ချိ

ရန်ကုန် ဇွန် ၁

ဆရာမောင်စူးစမ်း၊ဆရာအောင်သင်း၊ ဆရာပါရဂူ၊ ဒေါက်တာခင်မောင်ညို၊ ဦးဟန်ထွန်း တို့၏ ဆောင်းပါးများနှင့်အတူ သုတ/ရသဆောင်းပါးများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည့် စီးပွားကူးသန်းဂျာနယ် အတွဲ ၄၊ အမှတ် ၁၀ ကို အမှတ် (၃၈) လမ်း၃၀ ပန်းဘဲတန်းမြို့နယ် ရန်ကုန် စီးပွားကူးသန်းဂျာနယ်တိုက်မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ **(က-ပ)**

ဘုရှ်ကို ပြည်တွင်းနှင့် နိုင်ငံတကာ၌ပါ ထောက်ခံမှုလျော့ကျ

အီရတ်တို့အား အုပ်ချုပ်ရေးလွှဲပြောင်းပေးရန် ကန်တို့၌ တိကျသည့်အစီအစဉ်မရှိ

ဘဂ္ဂဒက် မေ ၃၁

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့ဝင်များက ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့သည် စစ်ပွဲနှင့်ပတ်သက်ပြီး အမေရိကန်ပြည်တွင်းနှင့် နိုင်ငံတကာကပါ အမေရိကန်သမ္မတဘုရှ်ကို ထောက်ခံမှု လျော့ကျလာခြင်းကြောင့် ယခုအခါ သမ္မတဘုရှ်သည် ထောက်ခံမှုရရှိရန် ကြိုးစားရှာရလျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် သမ္မတဘုရှ်သည် ယခုသီတင်းပတ် နောက်ဆုံးရက်များတွင် အီတလီနှင့် ပြင်သစ်နိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ပြစ်တင်ပြောကြား

အီရတ်တို့ထံ အုပ်ချုပ်ရေးအာဏာလွှဲပြောင်းပေးရန် သီတင်းပတ် အနည်းငယ်သာကျန်ရှိသော်လည်း အမေရိကန်တို့သည် အီရတ်အချုပ်အခြာအာဏာ လွှဲပြောင်းပေးရေးဆိုင်ရာ တိကျသည့် အစီအစဉ် ယခုအချိန်အထိ မရှိသေးကြောင်း ဝေဖန်ဆန်းစစ်သူများက ပြစ်တင်ပြောကြားခဲ့ကြသည်။

ဖန်တီးနေ

အီရတ် ကြားဖြတ်အစိုးရအတွက် ဝန်ကြီးချုပ်ရွေးချယ်တင်မြှောက်ခြင်းနှင့်ပတ်သက်ပြီး အငြင်းပွားရန်ဖန်တီးလျက်ရှိကြောင်း၊ ကြားဖြတ်အစိုးရ သမ္မတရာထူးအတွက် လျာထားခြင်းခံရသူ အက်ဒနန်ပါချာချီက ၎င်းအနေဖြင့် အီရတ်အုပ်ချုပ်မှုကောင်စီသည် ကုလသမဂ္ဂကို အသုံးချနေခြင်း မဟုတ်ကြောင်း ပြောကြားသည်။ **(စီအင်န်အင်န်)**

ကူဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားစဉ် ဒုံးကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသော အိမ်အတွင်းမှ ကလေးငယ်တစ်ဦးအား အီရတ်တစ်ဦးက သယ်ထုတ်လာသည်ကို မေ ၃၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အထောက်အထား ခိုင်လုံမှုမရှိဘဲ

အီရတ်တို့ လများစွာကြာမြင့်အောင် အဖမ်းခံခဲ့ရ

ဝါရှင်တန် မေ ၃၁

အမေရိကန်တပ်ဖွဲ့များကို လုံခြုံရေးခြိမ်းခြောက်မှုဟုဆိုပြီး အဘူဂါရိုပ်အကျဉ်းထောင်၌ ဖမ်းဆီးထားခြင်းခံနေရသောသူများသည် ခြိမ်းခြောက်သည့် အထောက်အထားမခိုင်လုံဘဲ ကာလကြာမြင့်စွာ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရကြောင်း မထုတ်ပြန်ဘဲထားသည့် စစ်ဘက်ဆိုင်ရာအစီရင်ခံစာအရ သိရသည်။

အဘူဂါရိုပ် အကျဉ်းထောင်ထဲ၌ စစ်ဆေးမေးမြန်းရန်အတွက် အီရတ်အကျဉ်းသားအချို့ကို ကြိုးတိုက်ထဲ၌ ပိတ်လှောင်ပြီးထားခဲ့ကြောင်း အစီရင်ခံစာအရ သိရသည်။

ဖမ်းဆီး

အချို့အကျဉ်းသားများကိုမူ အမေရိကန်တပ်ဖွဲ့များကို ရန်လိုသည် သို့မဟုတ် အနှောင့်အယှက်ပေးသည်ဟု ဖော်ပြပြောဆိုခြင်းထက် မပိုဘဲ လအနည်းငယ်ကြာမျှ ဖမ်းဆီးချုပ်နှောင်ခဲ့ကြောင်း စစ်ဘက်အစီရင်ခံစာကိုကိုးကားလျက် နယူးယောက်တိုင်းမ်က ရေးသားဖော်ပြသည်။

ပြန်လွှတ်

အဘူဂါရိုပ် အကျဉ်းထောင်၌ မတရားနှိပ်စက်မှုသတင်းများ ပြီးခဲ့သည့် လကုန်ပိုင်း၌ ဦးစွာပေါ်ထွက်လာခဲ့ချိန်မှစပြီး အမေရိကန်စစ်ဘက်ဆိုင်ရာသည် အကျဉ်းသားများကို မြန်မြန်ထက်ထက် ပြန်လွှတ်ပေးခဲ့သည်။

သောကြာနေ့တစ်နေ့တည်း၌ အကျဉ်းထောင်မှ လွှတ်ပေးလိုက်သော အီရတ်အကျဉ်းသား အရေအတွက်မှာ ၆၂၄ ဦးရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်ကြားဖြတ်အစိုးရကို အချုပ်အခြာအာဏာအပြည့်အဝပေးရန်

ဘုရှ်ကို ရုရှားနှင့်ဒိန်းမတ်နိုင်ငံတို့က တောင်းဆို

ဝါရှင်တန် မေ ၃၀

အီရတ်ကြားဖြတ်အစိုးရကို အချုပ်အခြာအာဏာ အပြည့်အဝပေးရန် ရုရှားနှင့်ဒိန်းမတ်နိုင်ငံတို့က သမ္မတဂျော့ဒဗလျူဘုရှ်ကို သောကြာနေ့၌ တောင်းဆိုလိုက်သည်။

ကုလသမဂ္ဂ ဆုံးဖြတ်ချက်တွင် အီရတ်ရှိအမေရိကန်တပ်များ၏ အနေအထားနှင့်စပ်လျဉ်း၍ တိကျသော လမ်းညွှန်မှုများ ထည့်သွင်းရန် ဥရောပအစိုးရများက လိုလားကြသည်။ အမေရိကန်တပ်များက အီရတ်ကြားဖြတ်အစိုးရ၏ ထိန်းချုပ်မှုအပြင်ဘက်တွင် လုပ်ငန်းဆောင်ရွက်မည်ကို ဥရောပအစိုးရများက စိုးရိမ်ပူပန်ခဲ့ကြသည်။

ကတိပေး

အမေရိကန်ပြည်ထောင်စုသည် အမေရိကန်တပ်ဖွဲ့များ အီရတ်တို့၏ အမိန့်ပေးခံရမည်ကို မလိုလား သော်လည်း လုံခြုံရေးတပ်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပေးထားကြသည်။

ယုံကြည်

အဓိက အပေါင်းပါနိုင်ငံများက စိုးရိမ်ကြလင့်ကစား ကုလသမဂ္ဂဆုံးဖြတ်ချက်ကို ယေဘုယျအားဖြင့် ထောက်ခံကြမည်ဟု အမေရိကန်အရာရှိများက ယုံကြည်ထားကြကြောင်း အိမ်ဖြူပြောခွင့်ရှိသူ စကော့မက်တလီလန်က ပြောကြားသည်။

ဖော်ပြ

ဘုရှ်သည် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ ရုရှားသမ္မတဗလာဒီမာပူတင်နှင့် တယ်လီဖုန်းဖြင့် စကားပြောရာ၌ သမ္မတပူတင်က အီရတ်တို့၏ကံကြမ္မာကို အီရတ်တို့ဖန်တီးခွင့်ရပြီး စစ်မှန်သော အချုပ်အခြာအာဏာ ပြန်လည်ပေါက်ဖွားစေရန်အတွက် ယန္တရားတစ်ခုကို ဖန်တီးနိုင်ခွင့်ရမှသာလျှင် ဆုံးဖြတ်ချက်သည် အလုပ်ဖြစ်မည်ဟု ပြောဆိုကြောင်း အင်တာဖက်သတင်းဌာနက ကိုးကားဖော်ပြသည်။

အမ်အင်အေ၊ ရိုက်တာ

ဘဂ္ဂဒက်မြို့ရှိ အမေရိကန်နှင့် အပေါင်းပါဌာနချုပ်ရုံးအနီး ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးအနီး လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို မေ ၃၁ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များ

မေလအတွင်း တစ်နေ့လျှင် နှစ်ဦးထက်မနည်း သေဆုံးခဲ့

ဝါရှင်တန် မေ ၃၁

အီရတ်တွင်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များသည် မေလထဲ၌ တစ်နေ့လျှင် နှစ်ဦးထက်မနည်းသေဆုံးခဲ့ရာ ဧပြီနှင့်မေလအတွင်း စုစုပေါင်း သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်သည် ၂၀၀ ကျော်သွားသည်ဟု ပင်တဂွန်က ထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။

လမ်းဘေးဗုံး

စစ်ပွဲကြီးပြီးဆုံးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ပြီးနောက် တစ်နှစ်ကျော်၌ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များကို အသေအပျောက်အများဆုံး လူသတ်လက်နက်မှာ လက်လုပ်လမ်းဘေးဗုံးဖြစ်သည်။

အမေရိကန် စစ်ဘက်ဆိုင်ရာက ယင်းလမ်းဘေးဗုံးကို ရရာပစ္စည်းဖြင့် လုပ်သော ဖောက်ခွဲရေးပစ္စည်းဟုခေါ်ဆိုသည်။ ယခုလထဲတွင် ယင်းလမ်းဘေးဗုံးကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၉ ဦးသေဆုံးရာ ခုနစ်ဦးမှာ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များဖြစ်သည်။

အရာမရောက်

ယခုအခါ မိမိတို့ကို အန္တရာယ်အပေးဆုံးမှာ ယင်းရရာပစ္စည်းဖြင့် ပြုလုပ်သော ဖောက်ခွဲရေးပစ္စည်းဖြစ်သည်ဟု အမေရိကန် ဗဟိုစစ်ဌာနချုပ် စစ်ဆင်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဂျွန်ဆက်တလာက ပြောကြားသည်။ လွန်ခဲ့သည့်လများစွာ၌ ထိုလမ်းဘေးဗုံးပြဿနာကိုဖြေရှင်းရန် အီရတ်သို့ ကျွမ်းကျင်သူများအဖွဲ့ကို အမေရိကန်စစ်ဘက်ဆိုင်ရာက စေလွှတ်ခဲ့သော်လည်း အရာမရောက် ဖြစ်ခဲ့သည်။

ထို့ပြင် အီရတ်၌ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များသည် လက်ဖြောင့်သေနတ်သမားများ၊ အသေခံဗုံးခွဲသူများအပြင် စိန်ပြောင်းများ၊ ဒုံးပစ်လောင်ချာများနှင့် အခြားလက်နက်များကြောင့်လည်း သေဆုံးနေကြရသည်။ မေလထဲ၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၆၉ ဦးထက်မနည်းရှိကြောင်း ပင်တဂွန်က ထုတ်ပြန်သည့်စာရင်းအရသိရသည်။ ထိုအရေအတွက်ထဲတွင် အီရတ်အနောက်ပိုင်း၌ စနေနေ့ကဖြစ်ပွားသည့် တိုက်ပွဲတွင် သေဆုံးသော မရိန်းတပ်ဖွဲ့ဝင်သုံးဦးမပါဟု ဆိုသည်။ **(အင်တာနက်)**

အဝလွန်သူများ ခွဲစိတ်ပေးရန် တောင်းဆိုမှုများလာ

ဥရောပ၌ အဝလွန်သူ နှစ်စဉ် ၅၀၀၀၀ ကျော် ခွဲစိတ်ပေးနေရ

ပါရာဝွေး မေ ၃၁

ချမ်းသာသည့်နိုင်ငံများမှ အဝလွန်သည့်လူများသည် ၎င်းတို့၏ခန္ဓာကိုယ်အလေးချိန်များ လျှော့ချရန်အတွက် ခွဲစိတ်ကုသမှုများပေးရေးတောင်းဆိုမှုများရှိနေကြောင်း ဥရောပမှခွဲစိတ်ကုသမှုပါရဂူတစ်ဦးက စနေနေ့၌ ပြောကြားလိုက်သည်။

အဝလွန်သည့်လူများသည် ၎င်းတို့၏ကိုယ်ခန္ဓာအလေးချိန်များ လျှော့ကျစေရန် လေ့ကျင့်ခန်းများလုပ်ခြင်း၊ အစားအသောက်လျှော့စားခြင်း သို့မဟုတ် ဆေးဝါးများသောက်သုံးခြင်းတို့ပြုလုပ်ကြောင်း၊ သို့ရာတွင် ယင်းတို့နှင့် လုံလောက်မှုမရှိကြောင်း သိရသည်။

ဆန္ဒရှိ

အဝလွန်သူများသည် ၎င်းတို့ကို ကုသရန် ခွဲစိတ်ကုသပေးရေးကိုသာ ဆန္ဒရှိကြကြောင်း ဆေးပညာဆိုင်ရာညီလာခံတစ်ရပ်တွင် ပါရာဝွေးနိုင်ငံ လာပါရိုစကိုပစ်အောဘီစီတီဆေးရုံမှ ဒေါက်တာမာတင်ဖရင့်က ပြောကြားသည်။

နှစ်စဉ် ဥရောပတွင် အဝလွန်သူ ၅၀၀၀၀ ကျော် ခွဲစိတ်မှုပြုလုပ်ရကြောင်း၊ ဥရောပ၌ ခွဲစိတ်ကုသမှုတွင် တိုးတက်မှုနှင့် တီထွင်မှုများရှိကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ဆင်းရဲနွမ်းပါးသူများသည် ဆေးရွက်ကြီးသောက်သုံးရန်အတွက်သာ ငွေကုန်ကျနေ အစားအစာ၊ ပညာရေးနှင့် ကျန်းမာရေးတို့အတွက် မသုံးစွဲကြ

ဝါရှင်တန် မေ ၃၁

ဆေးရွက်ကြီးနှင့် နီးနွယ်သော စွဲလမ်းမှုများကြောင့် လူများသည် အစားအစာ၊ ပညာရေးနှင့် ကျန်းမာရေးကို ပစ်ပယ်လျက်ရှိရာ ဆေးရွက်ကြီးစိုက်ပျိုးခြင်းနှင့် သောက်သုံးခြင်းသည် ဆင်းရဲသော နိုင်ငံများကို အကြီးအကျယ် ထိခိုက်စေလျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က ထိုကိစ္စနှင့်စပ်လျဉ်း၍ ပိုမိုပြင်းထန်သော စည်းမျဉ်း ဥပဒေများ ပြဋ္ဌာန်းရန်နှင့် တားဆီးကာကွယ်ရေးအစီအစဉ်များ တိုးတက်လုပ်ဆောင်ကြရန် တိုက်တွန်းခဲ့သည်။

မရှိနွမ်းပါးသူများသည် ဆေးရွက်ကြီးသုံးစွဲဖို့အတွက် ငွေကုန်ကြေးကျခံကြပြီး အစားအစာ၊ နေစရာ၊ ပညာရေးနှင့် ကျန်းမာရေးတို့ကဲ့သို့ အခြေခံလိုအပ်ချက်များအတွက် ငွေကုန်ကြေးကျမခံကြကြောင်း ကမ္ဘာ့ဆေးရွက်ကြီးနေ့မတိုင်မီ သောကြာနေ့က ထုတ်ပြန်သော ဒဗလျူအိပ်ချ်အို ကြေညာချက်၌ ဖော်ပြထားသည်။

ဆေးရွက်ကြီးတင်သွင်းမှုကြောင့် နိုင်ငံခြားငွေကြေးဆုံးရှုံးရခြင်းမှတစ်ဆင့် လူတစ်ဦးချင်းစီးပွားရေးနှင့် နိုင်ငံစီးပွားရေးများလည်း ဆုံးရှုံးခဲ့ရကြောင်း၊ ဆေးရွက်ကြီးကို ထွန်ယက်စိုက်ပျိုးခြင်းကြောင့် ပတ်ဝန်းကျင်ပျက်စီးပြီး မှောင်ခိုရောင်းချခြင်းကြောင့် အခွန်ဝင်ငွေ ဆုံးရှုံးနစ်နာကြောင်း ဒဗလျူအိပ်ချ်အိုက ပြောကြားသည်။

ဒဗလျူအိပ်ချ်အို အဆိုအရ ဆေးလိပ်သောက်သုံးခြင်းကြောင့် ခြောက်စက္ကန့်ခွဲတိုင်းတွင် လူတစ်ဦးသေဆုံးကြောင်း၊ တစ်နှစ်လျှင် လူ ၄ ဒသမ ၉သန်း သေဆုံးကြောင်း သိရသည်။

(ပီတီအိုင်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံ ကိစ္စ နယူးယောက်တိုင်းမ် ဖော်ပြမှု မှားယွင်းကြောင်းဝန်ခံ

နယူးယောက် မေ ၃၁

နယူးယောက်တိုင်းမ်၌ လုပ်ငန်းဆောင်ရွက်မှု ထုံးတမ်းဓလေ့ ညံ့ဖျင်းခြင်းသည် အီရတ်နိုင်ငံ၌ အဖျက်စွမ်းအားကြီးမားသော လက်နက်များ ရှိကြောင်း ကမ္ဘာကြီးအား ယုံကြည်စေလိုသူများ၏ ကောက်ကျစ်စဉ်းလဲသော စည်းရုံးလှုံ့ဆော်မှုတွင် အသုံးချခံနေရသည်ဟု နယူးယောက် တိုင်းမ် သတင်းစာ၏ ချွတ်ယွင်းချက်ကို စုံစမ်းတင်ပြသူက တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။ လွန်ခဲ့သည့်နှစ်၌ အီရတ်ကို ကျူးကျော်ဝင်ရောက်ခြင်းမပြုမီလက်နက်ကိစ္စနှင့်စပ်လျဉ်း၍ သတင်းစာ၏ ဖော်ပြချက်ကို ပြန်လည်သုံးသပ်ရာ၌ သတင်းစာ၌ အရည်အချင်း မရှိသောသတင်းထောက်များ ခန့်ထားသည့် အပြစ်အနာအဆာရှိကြောင်း ဒယ်နီယယ်အော့ကရင့်က ရေးသား ဖော်ပြသည်။ ဗုဒ္ဓဟူးနေ့တွင် နယူးယောက် တိုင်းမ်၏ အယ်ဒီတာများက အီရတ်၌ အဖျက်စွမ်းအားကြီးသော လက်နက်များရှိကြောင်း ဖော်ပြရန်နှင့်ဆက်ဒမ်ကို ဖြုတ်ချရန် ဆုံးဖြတ်ထားသော ပြည်ပရောက် အီရတ်များ ထံမှ သတင်းများကို လုံလောက်စွာ မစိစစ်နိုင်ခဲ့ကြောင်း ဝန်ခံခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

နာဂျက်ဖ်နှင့်ကူဖာမှ အမေရိကန်တပ်ဖွဲ့ဝင်များဆုတ်ခွာရ ပူးတွဲတာဝန်ထမ်းဆောင်နေသော အီရတ်ရဲ ၁၀၀ ထွက်ပြေး

နာဂျက်ဖ် မေ ၃၁

အီရတ်နိုင်ငံတောင်ပိုင်း နာဂျက်ဖ်မြို့၌ အီရတ်ခေါင်းဆောင် မိုတာဒါ အယ်ဆာဒါက ကြာသပတေးနေ့၌ စတင်ပြီး အပစ်အခတ်ရပ်စဲရန် ကမ်းလှမ်းထားသည်ဆိုသော်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားဆဲပင် ဖြစ်သည်။

ထို့အပြင် နာဂျက်ဖ်၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပူးတွဲတာဝန်ထမ်းဆောင်နေသော အီရတ်ရဲတပ်ဖွဲ့ဝင် တစ်ရာခန့်သည် တာဝန်ကျရာ နေရာကို စွန့်ခွာ ထွက်ပြေးခဲ့ကြကြောင်း သိရသည်။

ဆုတ်ခွာ

ယခုကဲ့သို့ ပြေးရခြင်းအကြောင်းအရင်း သဲသဲကွဲကွဲ မသိရှိသကဲ့သို့ နာဂျက်ဖ်နှင့် ကူဖာမြို့တို့၌ အီရတ်တိုက်ခိုက်ရေးသမားများက ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ ဆုတ်ခွာခဲ့ရသည်။

ထုတ်ပြန်

ဤအတောအတွင်း အီရတ်ကြားဖြတ်အစိုးရအဖွဲ့သစ်များအား အီရတ်အုပ်ချုပ်မှုကောင်စီက ဆက်လက်ရွေးချယ်လျာထားလျက်ရှိပြီး ကြားဖြတ်အစိုးရအဖွဲ့ဝင်သစ်စာရင်းကို ယနေ့ထုတ်ပြန်ရန်ရှိကြောင်း သိရသည်။

ဖယ်ရှား

ဤအတောအတွင်း ချာလာဘီ၏ အီရတ်အမျိုးသား ကွန်ကရက်ပါတီ ရုံးခန်းများအား ဖယ်ရှားပေးရန် အီရတ်တပ်ဖွဲ့က ချာလာဘီအား အမိန့်ပေးခဲ့သည်။ ချာလာဘီသည် တစ်ချိန်တုန်းက အမေရိကန်သမ္မတဘုရှ်အစိုးရအဖွဲ့၏ အနီးကပ် ဘက်တော်သားဖြစ်ခဲ့သော်လည်း ယခုအခါ အဆိုပါအခြေအနေမျိုး ပျက်ပြယ်ခဲ့ဖွယ်ရှိကြောင်း သိရသည်။

(စီအင်န်အင်န်)

နာဂျက်ဖ်မြို့တွင် အီရတ်ခေါင်းဆောင် အယ်ဆာဒါကို ထောက်ခံကြောင်း ကြွေးကြော်ကာ အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်တို့ကို မေ၃၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကူဖာမြို့တွင် အယ်ဆာဒါ လက်နက်ကိုင်တပ်ဖွဲ့မှ အီရတ် ပြောက်ကျားတစ်ဦး တိုက်ခိုက်ရန် ပြင်ဆင်နေသည်ကို မေ ၃၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်သို့ ယခင်က ကုန်စည်များပို့ဆောင်ပေးရာ အဝေးပြေးလမ်းမကြီး ယခုအခါ ပုံးထောင်မှုများကြောင့် အပျက်အစီးများဖြင့် ပြည့်နှက်နေ

ဖော်လူဂျာ(အီရတ်) မေ ၃၁

အင်ဒါလူစီယာမှ ကြွေတပ်တူရိယာပစ္စည်းများ၊ မော်ရိုကိုမှ ဖိနပ်များနှင့် ဒမက်စကတ်မှ ဦးဖောင်းထုပ်များကို ဘဂ္ဂက်မြို့၏ စော်ဘွားများထံသို့ ကုန်စည်ပို့ဆောင်ပေးရာ တစ်ချိန်က ရှေးဟောင်းအဝေးပြေးလမ်းမကြီးသည် ယခုအခါ မီးလောင်ပျက်စီးနေသော မော်တော်ယာဉ်များနှင့် ဗုံးထောင်မှုများနှင့်အတူ အမှိုက်သရိုက်များ ပြည့်နှက်နေသည့် အဝေးပြေးလမ်းမကြီးတစ်ခု ဖြစ်လျက်ရှိသည်။

အဆိုပါလမ်းမကြီးသည် အမေရိကန်ဦးဆောင်သော ကျူးကျော်သိမ်းပိုက်ရေးအတွက် အဓိကထောက်ပံ့ရေးလမ်းကြောင်းဖြစ်သကဲ့သို့ ၎င်းလမ်းသည် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ယာဉ်တန်းများကို လက်လုပ်ဗုံးများ၊ လမ်းဘေးထောင်ချောက်ဗုံးများဖြင့် အဓိကဒုက္ခပေးနေသည့် လမ်းမကြီးလည်း ဖြစ်သည်။

အသေအပျောက်များ

အချိုးရည်ပုလင်းတစ်လုံးထဲ တွင် ပေါက်ကွဲပစ္စည်းများ ဝှက်၍ထည့်နိုင်သလို ပလတ်စတစ်အိတ်သို့မဟုတ် တိရစ္ဆာန်အသေနှင့် ပေါက်ကွဲပစ္စည်းများ တွဲချိထားပြီး တိုက်ခိုက်လာမှုသည် အမေရိကန်တပ်ဖွဲ့ဝင်များ၏ အသေအပျောက်အများဆုံး ရန်သူဖြစ်ခဲ့ရသည်။

ထိုးစစ်ဆင်

ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့အကြား တိုက်ပွဲဖြစ်ပွားပြီး အပစ်အခတ်ရပ်စဲပြီးနောက် သံသယအများဆုံးဖြစ်သည့် ဖော်လူဂျာမြို့ဂိတ်ဝန်းကျင်ကို အမေရိကန်တို့က ထိုးစစ်ဆင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

စစ်ဆေး

သို့ရာတွင် မရိန်းတပ်ဖွဲ့ဝင်များသည် ဗုံးများဝှက်၍ တင်ဆောင်လာဖွယ်ရှိသော သံသယရှိသည့် မော်တော်ယာဉ်များကို အချိန်ကြာမြင့်စွာ စစ်ဆေးနေဆဲဖြစ်သည်။

ညည်းတွား

“ဒီလိုသာ တစ်နေကုန်ရင် ဘယ်လိုလုပ်ကြမလဲ မော်တော်ယာဉ်တွေကို မျက်လုံးဒေါက်ထောက်ကြည့်နေရတယ် ခွေးတစ်ကောင်လို ဖြစ်နေပြီ”ဟု အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ အပူချိန်ကလည်း ၁၁၀ ဒီဂရီဖာရင်ဟိုက်ရှိကြောင်း၊ စက်သေနတ်ကလည်း ယာဉ်တန်းကို ချိန်ထားရကြောင်း ၎င်းတပ်ဖွဲ့ဝင်က ညည်းတွားပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

နာဂျက်ဖ်မြို့တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွား — အီရတ်ပြောက်ကျားတို့က လက်နက်မျိုးစုံဖြင့် တိုက်ခိုက်

ဘဂ္ဂဒက် မေ ၃၁

နာဂျက်ဖ်မြို့တွင် ပြီးခဲ့သည့်တနင်္ဂနွေနေ့က အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားရာ ၂၄နာရီအတွင်း အီရတ်တို့သေဆုံးဒဏ်ရာရမှုများရှိခဲ့ကြောင်း သိရသည်။

ပစ်ခတ်တိုက်ခိုက်မှုများမှာ တနင်္ဂနွေနေ့ နံနက် ၉နာရီခန့်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး အီရတ်ပြောက်ကျားတို့နှင့် အမေရိကန်တပ်ဖွဲ့တို့ ပစ်ခတ်တိုက်ခိုက်မှုအပြီး ပေါက်ကွဲမှုများ နာဂျက်ဖ်မြို့တွင် ဖြစ်ပွားလျက်ရှိကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

တိုက်ပွဲဖြစ်ပွားစဉ်အတွင်း အီရတ်ပြောက်ကျားများက အမေရိကန်တပ်ဖွဲ့ဝင်များကို ဒုံးကျည်များ၊ စိန်ပြောင်းများ၊ စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ကြောင်း အဆိုပါမျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။ တိုက်ပွဲဖြစ်ပွားမှုကြောင့် အီရတ်ကလေးငယ်နှစ်ဦးအပါအဝင် လူ ၁၂ ဦး ဒဏ်ရာရရှိပြီး အီရတ်တစ်ဦးသေဆုံး နာဂျက်ဖ်ရှိ စစ်ဘက်ဆိုင်ရာ သတင်းများက ဆိုသည်။

နာဂျက်ဖ်မြို့တွင် လွန်ခဲ့သည့်ရက်များကတည်းကစပြီး အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့အကြား တိုက်ခိုက်မှုများ ဖြစ်ပွားနေခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

မြန်မာ့အလင်း အီရတ်မြင်ကွင်း

လမ်းပျက်စီး

အီရတ်နိုင်ငံမို ဆူးလ် မြို့၌ လမ်းဘေးထောင်ချောက်ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးနေသော လမ်းကိုမေ ၂၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်မြို့ပေါ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်ခဲ့သဖြင့် နေအိမ်အမိုးများ ပျက်စီးနေသည်ကို မေ ၂၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နေအိမ်ပျက်စီး

အီရတ်ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ နာဂျက်ဖ်မြို့၌ တိုက်ပွဲဖြစ်ပွားမှုကြောင့် ပျက်စီးနေသော နေအိမ်ကို မေ ၃၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက စီးနင်းတိုက်ခိုက်ရာတွင် ပျက်စီးနေသော အဆောက်အအုံတစ်ခုကို မေ၂၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ နာဂျက်ဖ်မြို့၌ တိုက်ပွဲဖြစ်ပွားစဉ် အမေရိကန်တပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ပျက်စီးနေသော လမ်းတစ်လမ်းကို မေ ၃၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆေးကုသမှုခံယူ

နာဂျက်ဖ်မြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒဏ်ရာရ အီရတ်အရပ်သားများ နာဂျက်ဖ်ဆေးရုံ၌ ဆေးကုသမှုခံယူနေကြရသည်ကို မေ ၂၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

မကွေးတိုင်း မြို့နယ် ခုနစ်မြို့နယ်တွင် ကျေးလက် ဒေသပြည်သူများအတွက် အိမ်ရာများ ဆောက်လုပ်ပေးလျက်ရှိရာ စမ်းစုကျေးရွာတွင် ဆောက်လုပ်ထားသည့် ကျေးလက်အိမ်ရာများကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း-နယ်စပ်စည်ပင်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

မြို့နယ်လုံးကျွတ် သောက်သုံးရေရရှိ

မကွေးတိုင်း မင်းဘူးမြို့နယ် မြို့နယ်လုံးကျွတ် ကျေးလက် ဒေသသန့်ရှင်းသော သောက်သုံး ရေရရှိမှုအထိမ်းအမှတ် ဆိုင်းဘုတ် တင်ပွဲ အခမ်းအနားကို မင်းဘူးမြို့ ပြည်သူ့ ပန်းခြံရှေ့ မြေကွက်လပ်တွင် ဤသို့ ကျင်းပခဲ့သည်။
(ဓာတ်ပုံမှတ်တမ်း-နယ်စပ်စည်ပင်)

ပဲခူးတိုင်း ရေတာရှည်မြို့နယ် ဆွာမြို့တွင် ဒေသခံ ပြည်သူများ ဆက်သွယ်ရေး အဆင်ပြေစေရန် အတွက် တပ်ဆင်ထားသည့် တယ်လီဖုန်း စက်ခလုတ်ခုံ အဆောက်အအုံကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း- ပြန်/ဆက်)

ကျေးလက်တံတား

ကရင်ပြည်နယ် ဘားအံ-နောင်လုံ-ဂျိုင်း-ကျုံဒိုးလမ်းပေါ်တွင် ကရင်ပြည်နယ်အတွင်းရှိတိုင်းရင်းသားပြည်သူများ သွားလာရေးအဆင် ပြေရန်အတွက် တည်ဆောက်ထားသည့် ကွန်ကရစ်တံတားကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း- ပြန်/ဆက်)

ကလေးမြို့ ဆေးရုံသစ်ကြီး

စစ်ကိုင်းတိုင်း ကလေး မြို့နယ်သူ၊ မြို့နယ်သားများ ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရန်အတွက်ဆောက်လုပ် ထားသော ဆေးရုံ တိုးချဲ့ အဆောက်အအုံကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း- ကလေးဝင်းသူ)

ဂုဏ်ပြုတပ်ဖွဲ့ အလေးပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဒါတိုဆီရီအဗ္ဗဒူလာဘင် ဟာဂျီအာမက် ဘာဒါဝီတို့ မလေးရှား နိုင်ငံဝန်ကြီးချုပ်ရုံးက ကျင်းပသည့် ဂုဏ်ပြုအခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)



❒ ရှေ့ဖုံးမှ

မိသားစုများကြိုဆို

ထို့နောက် လေယာဉ်ပေါ်မှ ဆင်းသက်လာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုတပ်ဖွဲ့က ကြိုဆိုကြပြီး ထို့ပြင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Datuk Seri Syed Hamid bin Syed Jaafar Albarနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အတွက် တွဲဖက်ထားသော ပြည်တွင်းလုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (Deputy Minister of Internal Security) Mr. Chia Kwang Chyeခေါင်းဆောင်သော ကြိုဆိုရေးအဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလှမောင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်သန်းအောင်နှင့်ဇနီး၊ မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြသည်။

မလေးရှားဝန်ကြီးချုပ်ကြိုဆို

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Datuk Seri Syed Hamid bin Syed Jaafar Albarလိုက်ပါလျက် မလေးရှားနိုင်ငံဝန်ကြီးချုပ်က ပြုလုပ်သည့် ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားသို့ တက်ရောက်ရန် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ရုံးတည်ရှိရာ ပုထရာဂျာယာမြို့ (Putrajaya) သို့ အထူးယာဉ်တန်းဖြင့် ထွက်ခွာကြရာ ဝန်ကြီးချုပ်ရုံးအဆောက်အအုံမှ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင်ဟာဂျီအာမက် ဘာဒါဝီက လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

အလေးပြုခြင်းခံယူ

ထို့နောက် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကိုကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီအာမက် ဘာဒါဝီ တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက မြန်မာနိုင်ငံတော် သီချင်းနှင့် မလေးရှားနိုင်ငံတော် သီချင်းတို့ကို တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာဘင်ဟာဂျီအာမက် ဘာဒါဝီတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကိုကြည့်ရှုစစ်ဆေးကြပြီး အလေးပြုခံစင်မြင့်သို့ ပြန်လည်တက်ရောက်နေရာယူကြသည်။

ဆက်လက်၍ နိုင်ငံတော်တီးဝိုင်းကလည်း မြန်မာနိုင်ငံတော်သီချင်းနှင့် မလေးရှားနိုင်ငံတော်သီချင်းကို ထပ်မံတီးမှုတ်ကြသည်။

မိတ်ဆက်ပေး

ထို့နောက် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီအဗ္ဗဒူလာ ဘင်ဟာဂျီအာမက် ဘာဒါဝီက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိများနှင့် မိတ်ဆက်ပေးသည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မိမိနှင့်အတူ လိုက်ပါလာကြသည့် အဖွဲ့ဝင်များအား မလေးရှားနိုင်ငံ ဝန်ကြီးချုပ်အား မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့ တက်ရောက်လာကြသော မလေးရှားနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးမှ သံတမန်များအား လိုက်လံနှုတ်ဆက်သည်။

အမှတ်တရဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီအာမက် ဘာဒါဝီတို့သည် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စုပေါင်း အမှတ်တရဓာတ်ပုံထပ်မံရိုက်ကြပြီး ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လက်မှတ်ရေးထိုး

ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ရုံး ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ရုံး ပဥ္စမထပ်ရှိ ဝန်ကြီးချုပ်၏ဧည့်ခန်းမ၌ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီအာမက် ဘာဒါဝီအား အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

မဟာသမယသုတ္တန်တရားတော် အသံလွှင့်ဟောကြားတော်မူမည်

ရန်ကုန် ဇွန် ၁

၁၃၆၆ခုနှစ် နယုန်လပြည့်(မဟာသမယအခါတော်နေ့)ဇွန် ၂ရက် (ဗုဒ္ဓဟူးနေ့) နံနက်၇နာရီတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်) မွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒအမှူးပြုသည့် ဆရာတော်ငါးပါးတို့က **မဟာသမယ သုတ္တန်တရားတော်** ကို အသံလွှင့်ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆက်လက်ထွက်ခွာ

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်တည်ခင်းသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ရန် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီအာမက် ဘာဒါဝီ နှင့်အတူ ပူထရာဂျာယာမြို့ IOI Marriot Hotelသို့ ဆက်လက်ထွက်ခွာသွားကြသည်။ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှမောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီအာမက် ဘာဒါဝီတို့ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ရုံးရှေ့၌ ကျင်းပသည့် ဂုဏ်ပြုအခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေ့လယ်စာတည်ခင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီအဗ္ဗဒူလာ ဘင် ဟာဂျီအာမက် ဘာဒါဝီက ပူထရာဂျာယာမြို့ **IOI Marriot Hotel**၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)

နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားနိုင်ငံဝန်ကြီးချုပ်ရုံး ပဉ္စမထပ်ရှိ ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီအာမက် ဘာဒါဝီအား နှုတ်ဆက်စဉ်။

(သတင်းစဉ်)

တည်ခင်းဧည့်ခံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီအာမက် ဘာဒါဝီက မွန်းလွဲ၁နာရီတွင် ပူထရာဂျာယာမြို့ IOI Marriot Hotel ပထမထပ်ရှိ Selangar Room ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း

အမှာစကားပြောကြား

ဇွန် ၁ ရက်က အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဦးမန်းအုံးမောင် အမှာစကားပြောကြားစဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

အသက်တစ်ရာ့နှစ်ဆယ် ရှည်စေသောဝ်

ချစ်စွာသောတူမောင်
ရှင်လန်းချမ်းမြေ့ပါစေ...

"ဟတ်ချိုး၊ဆိတ်ဖွား၊ အသက်တစ်ရာအနာမရှိ"ရယ်လို့ နှာချေလို့ရှိရင် လူကြီးတွေက ဆိုလေ့ရှိကြတယ်မဟုတ်လား။ တကယ်တော့ အသက်တစ်ရာ နေရတဲ့ လူဆိုတာအရှားသားလားကွယ်။ ဇာတာထဲမှာတော့ **"အသက်တစ်ရာ့နှစ်ဆယ် ရှည်စေသောဝ်"**လို့ ရေးထားတာကို တွေ့ဖူးမှာပေါ့။ ဟုတ်ရဲ့လား၊ အသက် ၁၂၀တဲ့။ ဒါဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာထဲက မြန်မာများယူဆခဲ့ကြတဲ့ အသက်အပိုင်းအခြားပါ။ သို့သော် ခေတ်နောက်ကျတယ်၊ မှားတယ်လို့တော့ မထင်နဲ့မောင်ရေ့၊ တရုတ်ပြည်ပေကျင်းမြို့တော် နှလုံးရောဂါကုပါရဂူ ဆရာဝန်ကြီး ပါမောက္ခ ဟုန်ကျောင်းကွမ်းရဲ့ ဟောပြောချက်(ဘာသာပြန်)ကို ဖတ်ရတဲ့အခါ**"ယေဘုယျအားဖြင့် အများသတ်မှတ်ထားတာကတော့ လူ့သက်တမ်းဟာ အသက် ၁၂၀ ဖြစ်ပါတယ်"**လို့ ဆိုသဗျ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ၆၅နှစ်မတိုင်မီဟာ လူလတ်ပိုင်းတဲ့ တူမောင်။ ၇၅ နှစ်နဲ့အသက်၉၀ကြားမှ တကယ့်သက်ကြီးရွယ်အိုလို့ သတ်မှတ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ တရားဝင်သတ်မှတ်ချက်ကို သိရကြားရတာ အားတက်စရာပါပဲ။

တရုတ်ဆေးပညာရှင်ပါမောက္ခ ဒေါက်တာဟုန်ကျောင်းကွမ်းရဲ့ တရုတ်နိုင်ငံ ထိပ်တန်းခေါင်းဆောင်များနဲ့ ပါရဂူများကို ဟောပြောတဲ့**"နေထိုင်စားသောက်နည်းနဲ့ ကျန်းမာစွာ အိုမင်းစေခြင်းနှင့် နှလုံးသွေးကြောရောဂါများ"** စာတမ်းကို ဆရာမောင်မောင်လှိုင်(အပ်စိုက်ကု) ဘာသာပြန်တာဖတ်ရတယ်။ **"ကျန်းကျန်းမာမာအသက်တစ်ရာ"**တဲ့။

အဲဒီ ကျန်းမာရေးစောင့်ရှောက်မှုပညာ ဟောပြောချက်ဟာ အလွန်တရာ ကောင်းမွန်ထိရောက်လှတဲ့အတွက် တရုတ်နိုင်ငံပေကျင်း ညနေသတင်းစာမှာ ဖော်ပြခဲ့သတဲ့။ စာဖတ်ပရိသတ်ရဲ့ သောင်းသောင်းဖြဖြ ကြိုဆိုနှစ်သက်ကြတာ ခံယူရတာမို့ အခြားသတင်းစာများကပါ ထပ်မံဖော်ပြခဲ့ကြပြန်သတဲ့။

ဆရာမောင်မောင်လှိုင်(အပ်စိုက်ကု)က ဆေးပညာနယ်ပယ်မှာ တတ်ကျွမ်းတဲ့သူလဲဖြစ်၊ စေတနာလဲပါ၊ စာအရေးအသားလဲ ညက်ညောတော့ သူဘာသာပြန်တဲ့ စာအုပ်ဟာလဲ အထူးကောင်းလှပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်ရဲ့ အမှုဆောင်ချုပ်က ပြောခဲ့ဖူးသတဲ့**"ကြိုတင်ကာကွယ်နည်းကိုသာ လိုက်နာကျင့်သုံးရင် သေဆုံးနှုန်းကို ထက်ဝက်လျှော့ချနိုင်မယ်"**တဲ့။

တရုတ်ပါမောက္ခကြီး ကျုံးတောက်ဟန်ပြောခဲ့တဲ့ စကားတစ်ခွန်းဟာလဲ သတိထားစရာကောင်းတယ်။ သူက **"လူအများအပြားဟာ ရောဂါကြောင့် သေရတာ မဟုတ်ဘဲ မသိမှုကြောင့် သေရတာဖြစ်ပါတယ်"**တဲ့။

ရောဂါတော်တော်များများကို မဖြစ်ပွားစေရအောင် လုပ်လို့ရတယ်။ မသေသင့်တာ မသေရအောင် ရှောင်ရှားနိုင်ပါတယ်။ ခုခေတ်မှာ ဦးနှောက်သွေးကြောရောဂါ၊ အဖုအကျိတ်ရောဂါ၊ ဆီးချိုရောဂါတွေ အဖြစ်များရတာဟာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်တာကြောင့်၊ ကုန်ထုတ်လုပ်မှု ကုံလုံကြွယ်ဝတာကြောင့်လို့ အချို့က အပြစ်ဖို့တတ်တယ်။ အဲဒါ လွဲမှားတဲ့ ထင်မြင်ချက်ပဲ။ လုံးဝမှားပါသတဲ့။

ဘာ့ကြောင့်ရောဂါ ရရသလဲဆိုရင် စိတ်ဓာတ်ယဉ်ကျေးမှု အဆင့်အတန်း မမီလို့ရယ်။ ကျန်းမာရေးစောင့်ရှောက်မှု ချို့တဲ့လို့ရယ်ကြောင့် ဖြစ်ရတာလို့ ပါမောက္ခဒေါက်တာဟုန်ကျောင်းကွမ်းက ပြောပြပြီး ကျန်းမာရေး စောင့်ရှောက်နည်းများကို စုံစုံလင်လင်တင်ပြသွားခဲ့တယ်။ ကျန်းမာရေးစောင့်ရှောက်မှုပညာဆိုတာက သိရင်အလွန်လွယ်ကူတဲ့ နည်းတွေပါ။ ငွေကြေးလဲ မကုန်ဘူး။ ထိလဲထိရောက်တယ်။ လူတွေသိရှိပြီး လက်တွေ့ကျင့်သုံးကြမယ်ဆိုရင် ရောဂါကင်းဝေးတဲ့အပြင် သေခြင်းတရားကိုလဲ အချိန်တော်တော်နဲ့ မရောက်လာအောင် တားဆီးထားနိုင်မယ်။ ယနေ့ဖြစ်ပွားနေတဲ့ ရောဂါဘယအမျိုးမျိုးတို့ရဲ့ ဇာစ်မြစ်ကို ရှာဖွေလေ့လာလိုက်တော့ **"နေထိုင်စားသောက်မှုပုံစံ"** မမှန်ကန်လို့ဆိုတဲ့ အချက်ကို တွေ့ရသတဲ့။ ရောဂါအဖြစ်မခံတာက ပိုမိုမကောင်း ပေဘူးလား။

အဆင့်မြင့်နည်းပညာတွေ ပေါ်ပေါက်နေပြီ။ အထူးပဲ ကောင်းမွန်ကြပါတယ်။ ခေတ်သစ်သိပ္ပံပညာက သိပ်တိုးတက်တာပဲ။ သို့သော် အဆင့်မြင့်နည်းပညာတွေက ကောင်းတော့ကောင်းပါရဲ့၊ စရိတ်ကြီးမားလွန်းလှတယ်။ လူအများအဖို့ရာ လက်လှမ်းမမီနိုင်ပါဘူး။ (ဘယ်နိုင်ငံမှာမဆို) လူနည်းစုအတွက်လောက်ပဲ ဆောင်ရွက်ပေးနိုင်တာပါ။ ဒါကြောင့် အဆင့်မြင့်နည်းပညာကို အားကိုးတာထက် ကြိုတင်ကာကွယ်မှုကိုသာ ကျယ်ပြန့်စွာ လေ့ကျင့် ပညာပေးသင့်ကြောင်း ဖော်ပြထားပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှုပညာက မခက်ပါဘူး။ ဥပမာပြောရရင် အောက်ပါအချက်မျိုးတွေပါ။ အလွန်လွယ်ကူတာပေါ့။

(၁) နိုးနိုးချင်း ခုတင်ပေါ်က မထပါနဲ့။ မိနစ်ဝက် ဆက်လှဲနေပါ။
(၂) မိနစ်ဝက်ပြည့်ရင် ထထိုင်ပါ။
(၃) ခြေထောက်တွဲလောင်းချပြီး မိနစ်ဝက်ထိုင်နေပါ။

မိနစ်ဝက်လှဲနေပါ။ မိနစ်ဝက်ထိုင်နေပါ။ မိနစ်ဝက် ခြေထောက်တွဲလောင်းချပြီးနေပါ။ ဒီသုံးမျိုးပြီးမှ လိုရာကို ထသွားပါဆိုတာ လိုက်နာဖို့ ဘယ်လောက်လွယ်ကူလိုက်ပါသလဲ တူမောင်။

လိုက်နာကျင့်သုံးလို့ တစ်ပြားတစ်ချပ်မှ မကုန်ဘူးနော်။ သို့သော် မလိုက်နာမိဘဲ ဖြုန်းခနဲထ၊ ဆတ်ခနဲထရပ်ကြတဲ့ လူအချို့ဟာ ရုတ်တရက် နှလုံးမှာ သွေးအားလျော့နည်းသွားတာကြောင့် သေသူသေ၊ လေဖြတ်သူဖြတ်၊ နာတာရှည် ဒုက္ခိတဖြစ်သူဖြစ်၊ ခြေမသန်၊ လက်မသန်၊ ပါးရွဲ့၊ စကားမပီသ၊ ကြောက်စရာကောင်းလှတဲ့ ဆင်းရဲဒုက္ခ၊ ရောဂါဘယနဲ့ တည့်တည့်တိုးခဲ့ကြပြီးပြီ။ ကြည့်စမ်း...သိခြင်းနဲ့မသိခြင်း၊ သတိရှိခြင်းနဲ့သတိမဲ့ခြင်း ဘယ်လောက်ကွဲပြားပါသလဲ။

ညပိုင်းမှာ လူအတော်များများဟာ ရုတ်တရက်နှလုံးမှာ သွေးအားလျော့နည်းသွားတတ်တယ်။ နေ့ခင်းနေ့လယ်မှာ နှလုံးခုန်နှုန်း ပုံမှန်ပါပဲဆိုတဲ့ လူတွေလဲ အိပ်ချိန်မှာ နှလုံးက နှေးနေတတ်တယ်။ နှလုံးဆိုတာ သေးသေး

ချစ်နိုင် (စိတ်ပညာ)

မျှင်မျှင် သွေးကြောလေးတွေနဲ့ အင်မတန်နုတာ။ ဖြုန်းခနဲ၊ ဆတ်ခနဲထထိုင်၊ ထလျှောက်လှုပ်ရှားလိုက်တော့ သွေးကြောအမြှာတွေ ပေါက်ပြဲပျက်စီး သွားရတော့တာပေါ့။ သေရင်သေ၊ မသေရင် တစ်သက်လုံး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဒုက္ခိတကြီးဖြစ်ပြီ မှတ်ပေရော့။ မသိခဲ့ခြင်းရဲ့ အန္တရာယ်။

မိနစ်ဝက်သုံးမျိုးပြီးတော့ နာရီဝက်သုံးမျိုးဆိုတာ ရှိသေးတယ်။ အလွန်အကျိုးရှိပါတယ်-

(၁) နံနက်အိပ်ရာထပြီးတဲ့နောက် နာရီဝက်ကိုယ်လက်လှုပ်ရှားအားကစားလုပ်ပါ။ နှစ်မိုင်နီးပါး လမ်းလျှောက်ပါ။
(၂) အသက်ကြီးသူများဟာ နေ့ခင်းနေ့လယ်ပိုင်းမှာ နာရီဝက်အိပ်ပါ။ ညနေပိုင်းပါ လန်းဆန်းစေတယ်။
(၃) ညနေဘက် ၆နာရီ၊ ၇ နာရီလောက်မှာ နာရီဝက် ဖြည်းဖြည်းလမ်းလျှောက်ပေးပါ။ ညညအိပ်လို့ကောင်းမယ်။ နှလုံးသွေးကြောပိတ်ရောဂါနဲ့ သွေးတိုးရောဂါဖြစ်ပွားနှုန်းကို လျော့နည်းစေတယ်။

အသက်ကို ဉာဏ်စောင့်ဆိုတဲ့စကားလိုပါပဲ။ အသက်ရှည်ချင် ကျန်းမာချင်ရင် အသိဉာဏ်နဲ့ယှဉ်ပြီး နေထိုင်စားသောက်တတ်ရမယ်။ ကျန်းမာစေတဲ့ နေထိုင်စားသောက်မှုပုံစံကဘာလဲ၊ မခက်ခဲပါဘူး။ ဒါတွေပါပဲ...

(၁) နည်းလမ်းကျကျစားသောက်ပါ။ ဆာမှစား၊ တည့်တာစား၊ လျှော့စား၊ ညက်ညက်ဝါး၊ ဖြည်းဖြည်းစား။
(၂) ဆေးလိပ်မသောက်ရ၊ အရက်မသောက်ရ၊ ကွမ်းမစားရ။ အဆိပ်တွေချည်းပဲ။
(၃) တော်သင့်တဲ့ အားကစားလုပ်ပါ။
(၄) စိတ်နေသဘောထား မျှတပါ။

ဒီလေးချက် လိုက်နာကျင့်သုံးတာ မခက်ခဲလှပေမယ့် သွေးတိုးရောဂါဖြစ်ပွားနှုန်း ၅၅ရာခိုင်နှုန်း လျော့နည်းစေတယ်။ ရောဂါမျိုးစုံ ဖြစ်ပွားနှုန်း ၇၅ ရာခိုင်နှုန်း၊ ဆီးချိုရောဂါဖြစ်ပွားနှုန်း ၅၀ရာခိုင်နှုန်း၊ အဖုအကျိတ်ကင်ဆာရောဂါဖြစ်ပွားနှုန်း ၃၅ရာခိုင်နှုန်းတို့ကို လျော့နည်းစေတဲ့အပြင် ပျမ်းမျှသက်တမ်း ၁၀ နှစ်ကျော် ပိုပြီးရှည်စေမယ်။ ဒီလေးခုကို ကျန်းမာရေးရဲ့ အခြေခံအုတ်မြစ်လို့ ခေါ်နိုင်ပါတယ်။ နှလုံးသွေးကြောဆိုင်ရာ ရောဂါကြိုတင်ကာကွယ်ရေးဘက်မှာ တစ်ကျပ်သုံးခဲ့ရင် ကုသမှုကုန်ကျစရိတ်အတွက် ကျပ်၁၀၀ကို သက်သာစေသတဲ့။

ခံတွင်းကျန်းမာရေးကို ဂရုစိုက်ရင် သွေးကြောလွှတ် မာကျစ်ရောဂါ၊ နှလုံးနဲ့ဦးနှောက်ရောဂါတွေ ကာကွယ်ထားရာ ရောက်စေပါတယ်လို့ဆိုရဲ့။ အစာစားပြီးတိုင်း ပလုတ်ကျင်းတာ၊ သွားတိုက်တာဟာ ဘာများခက်ခဲလို့လဲ။

ရောဂါရကြရတာဟာ အကြောင်းအရင်း နှစ်ခုရှိတယ်။ (၁)အတွင်းအကြောင်းရင်းနဲ့ (၂)ပြင်ပအကြောင်းရင်းတဲ့။ အတွင်းအကြောင်းရင်းဆိုတာက ကိုယ်ခန္ဓာတည်ဆောက်မှု၊ သွေးအမျိုးအစား၊ RNA/DNA,RH Factor စတဲ့မျိုးရိုးဗီဇ(Gene) ဆိုင်ရာတွေပေါ့ကွယ်။ ပြင်ပအကြောင်းရင်းကတော့ ဥတုနဲ့ အာဟာရဆိုကြပါစို့။ ပတ်ဝန်းကျင် အခြေအနေတွေပါ။ ရောဂါဖြစ်ခြင်းဆိုတာ အတွင်းအကြောင်းရင်းနဲ့ ပြင်ပအကြောင်းရင်းတို့ အပြန်အလှန်အကျိုးပြုခြင်းရဲ့ ရလဒ်ပါပဲ။

ကံဆိုတဲ့အချက်က အရေးအကြီးဆုံးပဲ။ အထက်က ဖော်ပြခဲ့တဲ့ သိပ္ပံနည်းကျ နေထိုင်စားသောက်နည်း ပုံစံဟာ အလွယ်တကူနဲ့ ရောဂါဘယဖြစ်ပွားမှုကို လျှော့ချပေးနိုင်ရဲ့။ ကျန်းမာခြင်းရဲ့ ရွှေသော့ဟာ အဲဒါပဲ။ မိမိလက်တွင်းမှာပဲ ရှိတယ်။ အသိနဲ့ သတိနဲ့ လိုက်နာရုံပဲ။ ကံအပြုအမူ။

စိတ်ဆိုတာ ရောဂါရခြင်း၊ ရောဂါပျောက်ခြင်းတို့မှာ အဓိက အရာရောက်ဆုံးအချက်ပါပဲ။ ကောင်းမွန်တဲ့ စိတ်နေသဘောထားသာရှိရင် လူ့ခန္ဓာကိုယ်မှာ ရောဂါဘယကို ခုခံကာကွယ်နိုင်တဲ့ စွမ်းပကား ကြီးမားစွာရှိပါတယ်။ အထူးအံ့သြရလောက်အောင် ကြီးမားတဲ့ ခုခံနိုင်အားပါ။ အဲ...စိတ်ဓာတ်ပျက်ပြားပြီဆိုရင်တော့ အားလုံးပြိုကျသွားပြီ။

မိမိကိုယ်မှာ မှန်မှန်ကန်ကန် သဘောထားပါ။
သူတစ်ပါးကို မှန်မှန်ကန်ကန် သဘောထားပါ။
လောကကြီးကို မှန်မှန်ကန်ကန် သဘောထားပါ။

မိမိကိုယ်ကို ရှိနေတာထက် ကျော်လွန် ပလွှားခြင်း မရှိသင့်ဘူး။ သိမ်ငယ်ခြင်းလဲ မရှိသင့်ဘူး။ လောကကြီးကို ကျေးဇူးတင်ရှိတဲ့သဘောထား အမြဲတမ်းထားရှိသင့်တယ်။ အကောင်းမြင်အဖြစ်ဘက်က ကြည့်ရင် လောကကြီးက သိပ်ကိုလှပကောင်းမွန်နေပါတယ်။ အဆိုးမမြင်မိစေနဲ့။ ဘဝဟာ မှန်တစ်ချပ်လိုပဲ။ မိမိက ပြုံးရယ်ရင် သူကလဲ ပြုံးရယ်ပြတယ်။ ကိုယ်က ငိုကြွေးရင် သူလဲငိုကြွေးမယ်။

လူ့ဘဝဆိုတာ အပူအအေး၊ အလင်းအမှောင်၊ အတက်အကျတွေ ရှိနေကြတာ မျက်မြင်လက်တွေ့ မဟုတ်လား။ ဒီတော့ တည်ငြိမ်နိုင်ရမယ်။ စိတ်တည်ငြိမ်အောင် နှလုံးသွင်းတတ်ပါစေ။ လမင်းကြီးတောင် သာတဲ့အခါသာပြီး မသာနိုင်တဲ့အခါ အသာလေးနေရတာပဲ။ ဝိုင်းတဲ့အခါ ဝိုင်းပြီး တစ်ခြမ်းရှိတဲ့အခါရှိ၊ တစ်စိတ်ဖြစ်တဲ့အခါဖြစ်။ လူ့ဘဝမှာ ဝမ်းနည်းစရာ၊ ဝမ်းသာစရာတွေ ကြုံလာရတဲ့အခါ စိတ်တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်ပါလေ။

ဆင်းရဲဒုက္ခဆိုတာ လူ့ဘဝရဲ့ အကောင်းဆုံးဆရာပဲလို့ ပြင်သစ်စာရေးဆရာ ဘောလ်ဇက်က ရေးခဲ့ဖူးသတဲ့။ ကံဆိုးမိုးမှောင်ကျတဲ့အခါတွေ မှာလဲ ပျော်ရွှင်နေနိုင်ရမယ်။ အကောင်းဆုံးစိတ်နေစိတ်ထားဟာ စိတ်တည် ငြိမ်မှုပဲ။ လေ့ကျင့်ပြီး ထိန်းသိမ်းတတ်ပါစေ။

"စိတ်ချမ်းသာ မင်္ဂလာ ရှစ်ပါးဆေး " ဆိုပြီး ပါမောက္ခ ဒေါက်တာ ဟုန်ကျောင်းကွမ်းက ပြောပြပေးထားတယ်-

(၁) မေတ္တာကရုဏာစိတ်	တစ်ကျပ်သား
(၂) စိတ်ကောင်းစေတနာ	နှစ်ကျပ်သား
(၃) မှန်ကန်တဲ့စိတ်ထား	သုံးကျပ်သား
(၄) သည်းခံသက်ညှာစိတ်	လေးကျပ်သား
(၅) မိဘကို ရိုသေစိတ်	များလေ ကောင်းလေ။
(၆) ရိုးသားဖြောင့်မတ်စိတ်	အသင့်အတင့်။
(၇) လူ့အဖွဲ့အစည်းကို အကျိုးပြုလိုစိတ်	အကျိုးပြုနိုင်လေ ကောင်းလေ
(၈) ကျေးဇူးတုံ့ပြန်ခြင်းကို မမျှော်လင့်တဲ့စိတ်	လက်တွေ့ ဖော်စပ်ကြည့် သင့်တယ်။ လွယ်ပါတယ်။

အထက်ပါ ဆေးရှစ်မယ်ကို ဖော်ရွှေမှု အရည်နဲ့ တစ်နေ့နှစ်ကြိမ်သောက်ပါက စိတ်ဝိညာဉ်ကို သန့်ရှင်းစေတယ်။ ဘဝမှာ အရသာရှိရှိနေရမယ်။ အသက်ရှည်ရှည် နေရမယ်။ ရောဂါရှင်း ဘေးကင်းစေမယ်တဲ့။ တင်စားပြီးပြောတာပါ။ ဒါပေမယ့် တကယ့်အမှန်တရားနဲ့ အထူးပဲ အကျိုးရှိတဲ့အချက်တွေဆိုတာ ဘယ်သူမှ အငြင်းပွားစရာ မရှိပါ။

ပါမောက္ခ ဟုန်ကျောင်းကွမ်းနဲ့ ဆရာမောင်မောင်လှိုင်(အပ်စိုက်ကု)တို့ကို ယခုလိုတန်ဖိုးရှိတဲ့ပြည်သူ့ကျန်းမာရေး ဗဟုသုတပညာကို ဖတ်ချင်စဖွယ်၊ နာချင်စဖွယ် ဟောပြောရေးသား၊ ဘာသာပြန်ပေးတဲ့အတွက် ကျေးဇူးတင်မိတယ်။

ဆေးလိပ်ရဲ့ ဆိုးကျိုး၊ အရက်ရဲ့ ဆိုးကျိုးတို့ကိုလဲ ထိုစာအုပ်မှာ ဆေးပညာရှင် နှလုံးအထူးကုပါရဂူ သမားတော် ဆရာဝန်ကြီးရဲ့ ရှုထောင့်က ရှင်းပြထားတာ တွေ့ရဖတ်ရပါတယ်။ စီးကရက်၊ အရက်၊ ဘီယာတို့ရဲ့ ကျန်းမာရေး ထိခိုက်စေပုံကို လူငယ်အများ သိရှိနားလည်ရမည့် အချိန်ဖြစ်ပါတယ်။ ငွေပေါပေါသုံးပြီး ဆွဲဆောင်စည်းရုံးကြော်ငြာပုံ အမျိုးမျိုးကြောင့် လူထုအများ အတွေးအယူမှားပြီး ရောဂါရ၊ စီးပွားပျက်၊ လူမှုရေးနိမ့်ကျ ဒီလိုဖြစ်ကြရတာကို ကြိုတင်ပညာပေးကာကွယ်ရေးများနဲ့ ယှဉ်ပြိုင်ချေမှုန်း ရင်ဆိုင်ရမယ့် ကာလဖြစ်ပါတယ်။ တူမောင်တို့ ကျန်းမာရေး ဗဟုသုတ ပြည့်ဝကြပါစေ။ ။

မြဝတီရုပ်မြင်သံကြား

၂-၆-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ မျိုးချစ်တပ်မတော်
၄း၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Importance of Money (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်ကိုင်အိတ်ဒီဇိုင်း အဆန်းနဲ့ အရမ်းကိုလှ"** (အပိုင်း-၈)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် သိုင်းညီနောင်ငါးဖော်"** (အပိုင်း-၅)ဇာတ်သိမ်း

အခြေခံယာဉ်မောင်း သင်တန်းဖွင့်

ရန်ကုန် ဇွန် ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာနနှင့်ကုန်းလမ်းပို့ဆောင်ရေး ကုန်စည်ပို့ဆောင်ရေးဌာနခွဲတို့၏ ပူးပေါင်းဖွင့်လှစ်သော အခြေခံယာဉ်မောင်း သင်တန်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မီးသတ်သင်တန်းကျောင်း ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါ ယာဉ်မောင်းသင်တန်း အမှတ်စဉ်(၁၃)သို့ သင်တန်းသား ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မလေးရှား နိုင်ငံဝန်ကြီးချုပ်ရုံး ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီအဗ္ဗဒူလာ ဘင်ဟာဂျီအာမက်ဘာဒါဝီတို့အကြား သီးသန့် အထူးအစည်းအဝေးကို ဝန်ကြီးချုပ်ရုံး ပဉ္စမထပ်ရှိဝန်ကြီးချုပ်၏ဧည့်ခန်းမ၌ကျင်းပသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မလေးရှားနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှမောင်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး Datuk Seri Syed Hamid bin Syed Jaafar Albar၊ ပြည်တွင်းလုံခြုံရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး Mr. Chia Kwang Chye၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး Dato Cheah San Kip နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ဝန်ကြီးချုပ်ရုံး တတိယထပ်ရှိ အစည်းအဝေးခန်းမ၌ ညနေ ၃ နာရီတွင်ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှမောင်၊ အစိုးရ အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံ ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်း၊ စစ်သံမှူး ဗိုလ်မှူးချုပ် သန်းအောင်နှင့် အဆင့်မြင့် အရာရှိကြီး များတက်ရောက်ကြပြီး မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ Minister of Foreign Affairs Datuk Seri Syed Hamid bin Syed Jaafar Albar, Minister of Tourism Datuk Dr. Leo Michael Toyad, Deputy Minister of Internal Security Mr. Chia Kwang Chye, Deputy Minister of Internal Security Dato Noh Omar, Deputy Minister of International Trade and Industry Datuk Ahmad Husni bin Hanadzlah, Deputy Minister of Energy, Water and Communications Dato Shaziman Abu Mansor, Advisor for Foreign Affairs to Prime Minister Tan Sri Abdul Kadir Mohamad၊ မြန်မာနိုင်ငံ ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ် Dato Cheah Sam Kip နှင့် အဆင့်မြင့်အရာရှိများ တက်ရောက် ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီက ကွာလာလမ်ပူအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ထွက်ခွာရန် ဝန်ကြီးချုပ်ရုံး အရှေ့အထူးယာဉ်တန်းသို့ ပို့ဆောင်နှုတ်ဆက် စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီအာမက် ဘာဒါဝီတို့ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ခင်မင်ရင်းနှီးစွာဆွေးနွေး

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက် ရေး အထူးသဖြင့် ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ များ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင် ရေးစသည့် ကိစ္စရပ်များအပေါ် ရင်းနှီး ခင်မင်စွာဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မြန်မာနိုင်ငံသည် မလေး ရှားနိုင်ငံနှင့် ဆက်ဆံရေးကို များစွာ တန်ဖိုးထားပါကြောင်း၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စရပ်များတွင် မလေး ရှားနိုင်ငံက မြန်မာနိုင်ငံဘက်မှ ရပ် တည်ပြီး ထောက်ခံမှုများပေးသဖြင့် အထူးကျေးဇူးတင်ရှိကြောင်းကို ပြော ကြားလိုကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် မလေးရှားနိုင်ငံ သည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ကို ဝမ်းမြောက်စွာ မြင်တွေ့ရကြောင်း၊ နှစ်နိုင်ငံ အကြား တည်ရှိပြီးသော ချစ်ကြည်ရေးနှင့် ပူး ပေါင်းဆောင်ရွက်မှုများကို ကျယ် ကျယ်ပြန့်ပြန့် တိုးချဲ့သွားနိုင်ရန် ယခုကဲ့သို့ လာရောက်ရခြင်းဖြစ် ကြောင်း ရှင်းလင်းပြောကြားသည်။

ထုတ်ဖော်ပြောကြား

မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီအာ မက် ဘာဒါဝီကလည်း ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ခရီးစဉ်အား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊မလေးရှား နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီး မြှုပ်နှံမှုအပါအဝင် စီးပွားရေးဆက်ဆံမှု များကို ပိုမိုတိုးချဲ့လုပ်ဆောင်သွားရန် ဆန္ဒရှိကြောင်း၊ နှစ်ဦးနှစ်ဖက်အကျိုး ရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်သွားမည်ဟု ယူဆ ကြောင်းဖြင့် ထုတ်ဖော်ပြောကြား သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံ တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့် အဖွဲ့ဝင်များသည် ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ထွက်ခွာရန် ဝန်ကြီးချုပ်ရုံးရှေ့ရှိ အထူး ယာဉ်တန်းသို့ သွားရောက်ကြရာ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်က လိုက်ပါ ပို့ဆောင်နှုတ်ဆက်သည်။

နှုတ်ဆက်

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင် များသည် ရန်ကုန်မြို့သို့ ပြန်လည် ထွက်ခွာရန် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ကွာလာလမ်ပူမြို့ အပြည် ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြ ပြီး လေဆိပ်တွင် လိုက်ပါပို့ဆောင် နှုတ်ဆက်ကြသည့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Datuk Seri Syed Hamid bin Syed Jaafar Albar၊ ပြည်တွင်း လုံခြုံရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Chia Kwang Chye နှင့် အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှမောင် နှင့်ဇနီး၊စစ်သံမှူးဗိုလ်မှူးချုပ်သန်းအောင် နှင့်ဇနီး၊ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများအား နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ ဝင်များသည် လေကြောင်းခရီးဖြင့် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန် လည်ရောက်ရှိကြသည်။**(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Datuk Seri Syed Hamid bin Syed Jaafar Albar နှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကံထူးရှင်ရွေးချယ်

ရန်ကုန် ဇွန် ၁

(၁၈၅)ကြိမ်မြောက် ငါးဆယ်ကျပ် တန်အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများ မှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း၃၀၀အထူးဆု

ဏ-၇၉၀၂၂၈

ကျပ်သိန်း၅၀ဆုများ

ဈ-၅၀၃၃၃၄	ပ-၇၃၈၀၁၃
ဗ-၄၉၆၅၈၈	တ-၆၅၃၀၃၀
ခ-၂၄၇၈၇၈	ဠ-၁၂၁၇၅၈
ဒ-၁၃၂၁၁၂	စ-၉၆၁၂၈၄
သ-၉၅၉၁၁၀	

ကျပ်၂၅သိန်းဆုများ

ယ-၉၅၆၈၂၄	ထ-၅၇၉၁၃၇
ကက-၂၀၁၀၉၉	ဃ-၁၀၁၃၂၇
ဠ-၄၁၉၈၄၉	န-၂၅၇၆၈၇
န-၇၅၈၃၀၀	ဟ-၅၇၅၇၇၃
ဏ-၁၁၃၂၉၆	

ကျပ်သိန်း၅၀(မင်္ဂလာစုံတွဲ)ဆုများ

င-၄၁၅၆၃၇	ဝ-၅၆၂၀၇၄
ကခ-၅၉၂၉၇၃	ဍ-၇၅၀၅၂၈
ဈ-၅၈၈၀၇၆	န-၄၂၉၁၄၃
ဓ-၉၃၅၃၉၈	ဏ-၈၈၀၂၇၁
ဌ-၇၃၆၅၃၉	ဂ-၉၃၁၈၉၅
ခ-၆၈၇၅၄၈	ဇ-၆၂၇၇၀၇
ကခ-၇၅၅၅၃၁	ဆ-၆၁၂၈၇၈
ဗ-၄၃၀၁၆၀	ဏ-၅၆၅၇၀၈
ဓ-၁၁၃၉၈၁	ဓ-၆၇၈၁၃၉
ဃ-၁၃၉၉၉၄	

(သတင်းစဉ်)

ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၀ နာရီတွင် ဆွေးနွေးပွဲခန်းမ (၄)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် စစ်ကိုင်းတိုင်းမှ ဦးကံညွန့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်၊ မကွေးတိုင်းမှ ဦးတင်မောင်ကျော်နှင့် ရန်ကုန်တိုင်းမှ ဦးမြအေးတို့ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိမ်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်တို့က ဆောင်ရွက်ကြသည်။

စာတမ်းများတင်ပြ

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်

** ကျောဖုံးမှ*

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖိုးလစ်(ခ) ဦးဖိုးလစ်ဆမ်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ်အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၃)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်သန်းကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့တက်ရောက်သည့် ညီလာခံကိုယ်စားလှယ် ရာခိုင်နှုန်းအားဖြင့် ၈၉ ဒသမ ၆၆ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။ ... အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၏အကြံပြု ဆွေးနွေးချက် စာတမ်းများကို နိုင်ငံရေးပါတီများဖြစ်ကြသည့် ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်မှ စာတမ်းရှင် ဦးခွန်စိန်ဝင်းကလည်းကောင်း၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ စာတမ်းရှင်ဦးကျာရှိုးက လည်းကောင်း၊ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ စာတမ်းရှင်ဦးခင်မောင်အေးကလည်းကောင်း အသီးသီး ဖတ်ကြား တင်ပြကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၀မိနစ်တွင် ရပ်နားလိုက်သည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏အစည်းအဝေးကို နံနက် ၉နာရီတွင် ပြည်ထောင်စုခန်းမ ... ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့ (၅)မှ ဒုတိယညွှန်ကြားရေးမှူးဦးသိန်းထွန်းနှင့်တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၆၃၃ ဦးရှိသည့်အနက် ၆၁၇ ဦးတို့တက်ရောက်ကြသည့် အတွက်ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၄၇ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရအစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ ဦးမန်းအုံးမောင်ကအဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြားဆွေးနွေး

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာအာဏာ

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးတွင် သဘာပတိ ဦးစောဖိုးလစ်(ခ) ဦးဖိုးလစ်ဆမ် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကို ကရင်ပြည်နယ်မှ ဦးစောထားလုံနှင့် ဦးမန်းလှမြိုင်၊ ချင်းပြည်နယ်မှ ဦးဟာရှိန်းဘွေနှင့် ဒေါ်ဆာဆုတို့က အသီးသီးဖတ်ကြား ဆွေးနွေးကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် နံနက် ၁၀ နာရီ ၄၅

များကို နံနက် ၁၁နာရီခွဲတွင် ရပ်နားသည်။

တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး မွန်းလွဲပိုင်းအစီအစဉ်ကို မွန်းလွဲ ၂ နာရီတွင် ပြန်လည်ကျင်းပရာ ရန်ကုန်

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေး ပြုလုပ်စဉ်။ (သတင်းစဉ်)

တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များအပေါ် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းတို့က သဘာပတိအဖွဲ့ထံ အကြံပြုစာတမ်းများတင်ပြပြီး သဘာပတိအဖွဲ့ဝင်များက အစုအဖွဲ့ အစည်းအဝေးတွင် စာတမ်းများဖတ်ကြားရန် ညှိနှိုင်းဆွေးနွေးကြကာ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၁ နာရီတွင် ရပ်နားလိုက်သည်။

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ (၅)၌ဆက်လက်ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းနှင့် ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ်အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူး

စာမျက်နှာ ၁၃ ကော်လံ ၁

ပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖိုးလစ်(ခ) ဦးဖိုးလစ်ဆမ်က အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဦးတင်လှိုင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ်ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်နှင့် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခ)ဦးလှမြင့်တို့က

ခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် အကြံပြုချက်စာတမ်းများ

မိနစ်တွင် အစည်းအဝေးကိုပြန်လည်ကျင်းပရာ စစ်ကိုင်းတိုင်းမှ ဒေါက်တာလှမြင့်လွင်နှင့် ဒေါ်နန်းရီရီသန်းတို့က အကြံပြုချက် စာတမ်းများကို အသီးသီး ဖတ်ကြားဆွေးနွေးကြပြီး အစည်းအဝေး နံနက်ပိုင်းအစီအစဉ်

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဦးခင်မောင်အေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းမှ ဦးဝင်းမြင့်နှင့် ဒေါ်ရီရီဝင်း၊ ရှမ်းပြည်နယ်မှ ဦးခွန်ကျော်သူနှင့် ဒေါ်နန်းအေးတင့်တို့က အကြံပြုစာတမ်းများကို အသီးသီးဖတ်ကြားဆွေးနွေးကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင်ရပ်နားသည်။

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။ (သတင်းစဉ်)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများ အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

စာမျက်နှာ ၁၂ မှ

အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၄၈ ဦးလုံး ရာခိုင်နှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးခင်မောင်အေးက အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ စာတမ်းပြုစုရေးအဖွဲ့ငယ်(၅)မှ အကြံပြုရေးသားတင်ပြသည့် လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍဆိုင်ရာ စာတမ်းကို ဧရာဝတီတိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဒေါ်အေးအေးသောင်း၊ ကယားပြည်နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးပိုးရယ်အောင်သိန်း၊ စစ်ကိုင်းတိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဦးစိန်အောင်နှင့် မန္တလေးတိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဦးအောင်မွန်တို့က ဖတ်ကြားဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဖတ်ကြားဆွေးနွေးတင်ပြကြသည့် လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍများနှင့် စပ်လျဉ်းသည့် စာတမ်းကို အစည်းအဝေးသို့တက်ရောက်လာသည့် ရန်ကုန်တိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဦးသန်းမြင့်ကဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက်သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို နံနက် ၁၀နာရီမိနစ်၂၀တွင် ရပ်နားလိုက်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင် အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံနည်းပညာပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်း ဦးဘိုးစောနှင့် ပါမောက္ခ၊ဌာနမှူးနှင့် ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာ သိန်းညွန့် (ညွန့်ဝေ–ကသာ)တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ဦးရှိသည့်အနက် ၅၅ဦးတို့တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၈၁ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင် အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် အကြံပြုစာတမ်းများကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူးဦးလှမြင့် (မနောမယ–ပတ္တမြား)၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ဝင် ဦးမြင့်ကြည်၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး (ဗဟို) ဒုတိယဥက္ကဋ္ဌ ရုပ်သေးပညာရှင်ဦးရဲဒွေး၊ မြန်မာနိုင်ငံဗိသုကာများအသင်းဥက္ကဋ္ဌ ဒေါက်တာလှသန်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင် အဖွဲ့ဝင် ဒေါ်ရီရီမြင့်၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး (ဗဟို) ဒုတိယဥက္ကဋ္ဌ ဆိုင်းပညာရှင် ဦးစိန်လှမြိုင်၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) အတွင်းရေးမှူးဦးသန့်စင်

(ခ)ပန်းချီလှတင်ထွန်းတို့က အသီးသီးဖတ်ကြား ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကို၊ သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်တို့ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူးဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူးဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးတွင် ကဏ္ဍအလိုက် စာတမ်းပြုစုရေးအဖွဲ့ငယ်များက တင်ပြသောစာတမ်း ၁၁စောင်ကို လေ့လာဆွေးနွေးညှိနှိုင်းကြပြီး သဘာပတိအဖွဲ့ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှဦးပေါ်လိုက်ခမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကချင်ပြည်နယ်အထူးဒေသ(၂)မှဒေါက်တာမနန်းတူးဂျာနှင့်ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ်အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့်တွဲဖက်အခမ်းအနားမှူးအဖြစ်လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၅ဦးရှိသည့်အနက် ၉၉ ဦးတို့တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၂၉ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရအစည်းအဝေးစတင်ကြောင်းကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိကိုယ်စား သဘာပတိအဖွဲ့ဝင် ဦးအောင်ခမ်းထီက အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီကကဏ္ဍအလိုက်ရှင်းလင်း တင်ပြချက်များအပေါ် ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့နှင့် မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့တို့က တင်ပြသည့် အကြံပြုစာတမ်းကို ရွှေပြည်အေး (MTA)အလင်းဝင်အဖွဲ့မှ ဦးစိုင်းခွမ်းမိန်းကလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆)မှ တင်ပြသည့် အကြံပြုစာတမ်းကို ယင်းအဖွဲ့ကိုယ်စား ဦးခွန်တင်ထွဋ်နှင့် ဦးခွန်ကျော်ကျော်တို့က လည်းကောင်း၊ ဘုရားကုန်း အထူးဒေသအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးဖဒိုအောင်ဆန်းက သဘာပတိအဖွဲ့ထံတင်ပြသည့်စာကို သဘာပတိအဖွဲ့ဝင် ဦးအောင်ခမ်းထီက လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉ နာရီ ၅၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျသဘာပတိကိုယ်စား သဘာပတိအဖွဲ့ဝင် ဦးအောင်ခမ်းထီ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား မောင့်မှုပိုင်ရှင် ရုပ်ရှင်ဇာတ်ကားပြင့်ဖျော်ဖြေ

ရန်ကုန် ဇွန် ၁

အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇ နာရီမှ စတင်၍ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ကြည့်ရှုအပန်းဖြေ

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာကိုစန်းအောင်ရိုက်ကူးပြီး သရုပ်ဆောင်ဒွေး၊ လွင်မိုး၊ ထက်ထက်မိုးဦး၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်သရုပ်ဆောင်သည့် ၂၀၀၀ ပြည့်နှစ် အကယ်ဒမီဆုရ မောင့်မှုပိုင်ရှင် ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။

(သတင်းစဉ်)

မုန်တိုင်းငယ် အားပျော့သွား

ရန်ကုန် ဇွန် ၁

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းရှိ မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့ဘက် မိုင်၅၅၀ခန့်အကွာ ပင်လယ်ပြင်ကို ဆက်လက် ဗဟိုပြုနေသည်။ ယင်းမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဖြည်းညှင်းစွာ ရွေ့လျားပြီး ယနေ့မွန်းတည့်မှ နောက်၂၄နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားပျော့သွားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား(က)အဆင့်နှင့် ပြည်နယ်နှင့်တိုင်းလက်ဝှေ့ပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၁

၂၀၀၄ ခုနှစ် ဒုတိယအကြိမ် အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား(က)အဆင့်နှင့် ပြည်နယ်နှင့်တိုင်း သက်ငယ်တန်း (ဂ)အဆင့်၊ (ခ)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ ညနေ ၃ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ အမှုဆောင်များ၊ ဒိုင်လူကြီးများ၊ နည်းပြဆရာများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ယမန်နှစ်ချန်ပီယံ ရန်ကုန်တိုင်းအသင်းမှ တံခွန်စိုက်ဒိုင်းကြီးကို ပြန်လည်အပ်နှံရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က လက်ခံရယူပြီး အမှာစကားပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းများမှ အသင်းပေါင်း ၁၆သင်းမှ လက်ဝှေ့အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို ဇွန် ၂ရက် (ယနေ့)ညနေ ၃နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။**(မြန်မာ့အလင်း)**

▼ ***ကျောဖုံးမှ***

အီတလီအသင်းသည် ခြေစစ်ပွဲအောင်မြင်သည်နှင့် ဗိုလ်စွဲနိုင်သည်ဟု ထင်ကြေးပေးခြင်းခံရသော အသင်းများထဲ၌ တစ်သင်းအပါအဝင်ဖြစ်လာသည်။ မေ ၃၁ ရက်က တူနီးရှားနိုင်ငံ၌ ယှဉ်ပြိုင်ကစားသည့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် အီတလီက တူနီးရှားကို အနိုင်ရရှိလိုက်ရာ ရေပန်းစားမှု ပို၍မြင့်မားလာခဲ့သည်။ အီတလီအသင်းသည် ပြိုင်ပွဲတိုင်းလိုလို၌ ရေပန်းစားလေ့ရှိသော်လည်း ထင်သလောက် ခရီးမပေါက်ဘဲဖြစ်လေ့ရှိသည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အီတလီအသင်း ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားခဲ့သော်လည်း ရှုံးထွက်အဆင့်တွင် အိမ်ရှင်တောင်ကိုရီးယားအသင်းကို ရှုံးပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။

အီတလီဂိုးပြတ်နိုင်

အီတလီက တူနီးရှားကို အဝေးကွင်း၌ ခြေစွမ်းပြကစားပြီး လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိရာ ဦးဆောင်ဂိုးကို တူနီးရှားမှ ဘိုအာဇီဇီက ကိုယ့်ဂိုးကိုယ်သွင်းမိရာမှ ရရှိခဲ့ခြင်းဖြစ်သည်။ ဒုတိယဂိုးကို ၂၈ မိနစ်တွင် ကန်နာဗာရိုက သွင်းယူပေးသည်။

ဒုတိယပိုင်းတွင် အီတလီကနှစ်ဂိုးထပ်မံရရှိခဲ့ရာ ၈၆မိနစ်၌ ပီယာလိုက တတိယဂိုး၊ မိနစ် ၉၀ ၌ ဇမ်ဘရော့တာက စတုတ္ထဂိုးသွင်းယူပေးသည်။ အာဖရိကချန်ပီယံတူနီးရှားကိုတူနီးရှားမြေ၌ ဂိုးပြတ်အနိုင်ရရှိလိုက်ခြင်းသည် ၃၆နှစ်အကြာတွင် အီတလီအသင်း တစ်ကျော့ပြန် ဗိုလ်စွဲနိုင်မည့် အလားအလာကောင်းပင်ဖြစ်သည်။

အီတလီအသင်းတွင် **(ဂိုး)**ဘတ်ဖွန်၊ **(နောက်တန်း)**ကန်နာဗာရို၊ နက်စတာ၊ ပန္နူချီ၊ **(အလယ်တန်း)** ကာမိုရာနီစီ၊ ပါရော့တာ၊ ဇမ်ဘရော့တာ၊ ဖနက်တီ၊ **(ရှေ့တန်း)**ဒယ်လ်ပီယာရို၊ တော့တီနှင့် ဗီယာရီတို့ ပွဲထွက် ပါဝင်ကစားခဲ့ကြသည်။

ဒိန်းမတ်သရေကျ

အုပ်စု(ဂ)၌ပါဝင်သော ဒိန်းမတ်အသင်းသည် မေ ၃၁ ရက်က အက်စတိုးနီးယားနှင့် ခြေစမ်းရာ နှစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။ အက်စတိုးနီးယား၌ ကစားသောပွဲတွင် ဒိန်းမတ်အသင်းက ပွဲပြီးခါနီးအထိ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်နေရာမှ နောက်ဆုံးမိနစ်တွင် အက်စတိုးနီးယားက ချေပဂိုးသွင်းယူလိုက်၍ သရေနှင့် ကျေနပ်ခဲ့ရသည်။

ဒိန်းမတ်အတွက် ပထမဂိုးကို တိုမာဆင်က သွင်းယူပြီး ဒုတိယဂိုးကို ပီရက်ဇ်က သွင်းယူပေးသည်။ ဒိန်းမတ်အသင်းကစားပုံနှင့် ပတ်သက်၍ နည်းပြဆရာ အော်လ်ဆင်က စိတ်ပျက်မိကြောင်း ပွဲအပြီးတွင် ပြောကြားသည်။ ဒိန်းမတ်အသင်းသည် ၁၉၉၂ ခုနှစ် ဥရောပဖလားပွဲတွင် ဗိုလ်စွဲခဲ့ပြီးနောက် အောင်မြင်မှုနှင့် ဝေးနေခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိမှု

ဥရောပဖလားဘောလုံးပြိုင်ပွဲကြီးသည် တစ်ကမ္ဘာလုံးမှ ဘောလုံးဝါသနာရှင်များ၏ စိတ်ဝင်စားစောင့်ကြည့်ခြင်းခံရပြီး ဘောလုံးအဆင့်အတန်းမြင့်မားသည့် ပြိုင်ပွဲဖြစ်ရာ ပါဝင်ကစားခွင့်ရသော ဘောလုံးသမားများအနေဖြင့် ကြိုတောင့်ကြိုခဲ အခွင့်အရေးပင် ဖြစ်သည်။

အချို့ဘောလုံးသမားများမှာ နည်းပြဆရာ၏အားထားခြင်းခံရပြီး အပြီးသတ်စာရင်းတွင် ပါဝင်နိုင်ဖွယ်ရှိသော်လည်း ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ပြိုင်ပွဲနီးမှကပ်လွဲပြီး အခွင့်အရေးများ ဆုံးရှုံးရလေ့ရှိသည်။

ယူရို၂၀၀၄ဘောလုံးပြိုင်ပွဲ နီးကပ်လာချိန်တွင်လည်း ထိခိုက်ဒဏ်ရာရမှုကြောင့် ပြိုင်ပွဲနှင့်လွဲရမည့် သတင်းများပေါ်ထွက်လာသည်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ပေါ်တိုအသင်းကိုရှုံးပြီး ဒုတိယဖြင့်ကျေနပ်ခဲ့ရသော မိုနာကိုအသင်းမှ အလယ်တန်းလူ ဂူလီသည် ဗိုလ်လုပွဲတွင် ထိခိုက်ခဲ့သော ဒဏ်ရာကြောင့် ပြင်သစ်လက်ရွေးစင်အသင်း၌ ပါဝင်နိုင်တော့မည်မဟုတ်ပေ။ ဂူလီသည် ခြောက်ပတ်ခန့် အနားယူရမည်ဖြစ်၍ နည်းပြဂျက်ဆန်တီနီက လူစားထိုးရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ဆွစ်ဇာလန်တိုက်စစ်မှူး

ဆွစ်ဇာလန်အသင်းမှ တိုက်စစ်မှူး မာကိုစထရီလာသည် လေ့ကျင့်ရေးကွင်း၌ ခြေထောက်ကျိုးသွားရာ ယူရို၂၀၀၄နှင့် လွဲရဖွယ်ရှိသည်။ ဆွစ်ဇာလန်အသင်းမှ ကစားဖော်ဖိုင်ဆစ်ဂ်နှင့်ထိခိုက်မိပြီး ဒဏ်ရာရရှိခဲ့ရာ အကယ်၍ ဒဏ်ရာဆိုးရွားပါက ပါဝင်ခွင့်ရတော့မည်မဟုတ်ပေ။

မာကိုစထရီလာနည်းတူ ယူရို၂၀၀၄နှင့် လွဲရဖွယ်ရှိသူမှာ ဂျာမနီအသင်းမှ အလယ်တန်းလူ ပေါလ်ဖာရိုင်ရာဖြစ်သည်။ ပေါလ်ဖာရိုင်ရာသည် မေ ၂၇ရက်က မော်လတာနှင့် ခြေစမ်းပွဲတွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာဆိုးရွားသဖြင့် ယူရို၂၀၀၄၌ပါဝင်ကစားနိုင်မည်မဟုတ်ဟု ဂျာမနီဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာသည်။ ဂျာမနီနည်းပြ ရူဒီဗောင်လာသည် အပြီးသတ် ၂၃ဦးစာရင်းကို ရက်ပိုင်းအတွင်း ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

ဗက်ဆဲလ်ဒဏ်ရာသက်သာ

နည်းပြအဲရစ်ဆင် ထုတ်ပြန်ကြေညာထားသော အင်္ဂလန်အသင်း လူစာရင်းတွင်ပါဝင်နေသူ တိုက်စစ်မှူး ဒါးရီးယက်ဗက်ဆဲလ် (အက်စတွန်ဗီလာ)သည် တံကောက်ကြောဒဏ်ရာ သက်သာပျောက်ကင်းပြီဖြစ်၍ ကစားဖော်များနှင့်အတူ ပုံမှန်လေ့ကျင့်ခန်းဆင်းလျက်ရှိသည်။ ယခင်က ဒဏ်ရာကောင်းစွာ မပျောက်သေး၍ အပေါ့စားလေ့ကျင့်ခန်းသာ ဆင်းနိုင်ခဲ့ပြီး ယူရို၂၀၀၄၌ပါဝင်ရန် မသေချာမရေရာဖြစ်နေသည်။ ဗက်ဆဲလ်ကြံ့ခိုင်မှုအပြည့်နှင့် လေ့ကျင့်ခန်းဆင်းနိုင်ပြီဖြစ်ရာ အရန်သင့်ခေါ်ထားသူများထဲမှ ဒီဖိုးအနေဖြင့်ပါဝင်ရန် မျှော်လင့်ချက်ကုန်သလောက်ဖြစ်သွားသည်။

ဒဏ်ရာရသော်လည်းပါဝင်နိုင်

အင်္ဂလန်လက်ရွေးစင်အသင်းမှ နောက်တန်းလူ နှစ်ဦးဖြစ်သည့် ဆိုးလ်ကမ်းဘဲလ်နှင့် ဝိန်းဘရစ်ချ်တို့သည် ဒဏ်ရာများရရှိထားကြ၍ လေ့ကျင့်ခန်းမဆင်းနိုင်ဘဲ အနားယူနေရသည်။ အင်္ဂလန်အသင်းသည် အီတလီနိုင်ငံ ဆန်ဒီနီယာ၌ စခန်းဝင်လေ့ကျင့်ခဲ့ပြီး ဇွန် ၂ ရက်တွင် အင်္ဂလန်၌ ဂျပန်နှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ကစားမည်ဖြစ်သည်။ နည်းပြဆရာ အဲရစ်ဆင်က အပြီးသတ် ၂၃ ဦး စာရင်းကို မကြာမီထုတ်ပြန်ကြေညာမည်ဖြစ်ရာ ဆိုးလ်ကမ်းဘဲလ်(အာဆင်နယ်)နှင့် ဝိန်းဘရစ်ချ်(ချယ်လ်ဆီး)တို့ ပါဝင်နိုင်ဖွယ်ရှိသည်။ ။

(မြန်မာ့အလင်း)

မေ ၃၁ရက်က ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားသော တူနီးရှားနှင့်အီတလီပွဲစဉ်တွင် တူနီးရှားမှ အန်းနစ်(၁၉)နှင့် အီတလီမှ ဗီယာရီတို့၏ အကြိတ်အနယ်ယှဉ်ပြိုင်မှုကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ-အင်တာနက်)

ပြည်တွင်းပြည်ပ သာသနာပြု ကျေးဇူးတော်ရှင်

အလိုတော်ပြည့်ဆရာတော်ကြီး၏

သက်တော်(၆၁)နှစ်ပြည့်မွေးနေ့

အလှူတော်မင်္ဂလာအား ပူဇော်ကန်တော့ခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ပင်ရွှေညောင်လမ်း၊ အောင်မြေဗောဓိမ္မရိပ်သာ၊ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ပရိယတ္တိသာသန ဟိတရေ ပုဂံ/ညောင်ဦးနယ်စပ်ဒေသ ပြည်တွင်း/ပြည်ပသာသနာပြု ကျေးဇူးတော်ရှင် အလိုတော်ပြည့်ဆရာတော်ကြီးဘဒ္ဒန္တ အရိယဝံသ၏ သက်တော်(၆၁)နှစ်၊ ဝါတော်(၄၁)ဝါ ဂုဏ်တော်အနန္တ မျှော်မှန်းဆလျက် ပူဇော်ကန်တော့ဆင်နွှဲပွဲ အခမ်းအနားကို ၁၃၆၆ ခုနှစ် နယုန်လပြည့်နေ့ (၂-၆-၂၀၀၄ ရက်) ဗုဒ္ဓဟူးနေ့ နံနက်၉နာရီမှ မွန်းတည့်၁၂နာရီအထိ မွေးနေ့အလှူ လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချ အမျှပေးဝေ ပူဇော်ကန်တော့မည်ဖြစ်ပါကြောင်းနှင့် ဆရာတော်ကြီးသက်တော်ရာကျော်ရှည်ပြီး သာသနာပြုလုပ်ငန်းများ ဆတက်သယ်ပိုး အောင်မြင်တိုးတက်နိုင်ပါစေကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ မိသားစုများက ပူဇော်ကန်တော့လိုက်ပါ၏။

အလှူ့ဒါယကာ၊ ဒါယိကာမများ-

(၁) **ဦးကျော်ဝင်း-ဒေါ်ရွှေရွှေဝင်းမိသားစု။**

(၂) **ဦးကိုကိုလွင်-ဒေါ်သန်းသန်းရှိန်မိသားစု (ငွေပင်လယ်ငါးမုန့်လုပ်ငန်း)။**

(၃) **ကိုမောင်မောင်[Royal Beach Motel(ငပလီ)]။**

DECENT CompuTronics | Computer Sales Services & Training

Hardware & System Administration Course

ကွန်ပျူတာကို မိမိကိုယ်တိုင် ပြင်ဆင်တတ်လိုသူများနှင့် ရုံး/ ကုမ္ပဏီ များ၏ Computer Supervisor များအတွက် အထူးရည်ရွယ် ထားပါသည်။

A+ Hardware, How computer works, Software & Hardware installation, Trouble shooting , Networking (Workgroup) , E-mail Internet using & configuration.

အမှတ်(၉၉)၊ ဦးချစ်မောင်လမ်းနှင့် အာဇာနည်လမ်းထောင့်၊ (မင်းလမ်းမှတ်တိုင်အနီး) ဗဟန်းမြို့နယ်၊ ရန်ကုန်။ Ph: 722751

အဆင့်မြင့်တန်းကွင်းပိတ်ဘောလုံးပြိုင်ပွဲဆက် သစ်တောရေးရာအသင်း အကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဇွန် ၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ဆက်လက်ကျင်းပရာ သစ်တောရေးရာအသင်းက ဆောက်လုပ်ရေးအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

သစ်တောရေးရာအသင်းအတွက် ပထမဂိုးကို မိနစ် ၂၀တွင် ညီညီစိုးက သွင်းယူသည်။ သစ်တောရေးရာအသင်းအတွက် ဒုတိယဂိုးကို ၃၄ မိနစ်တွင် အောင်ထွန်းနိုင်က သွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် သစ်တောရေးရာအသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဆောက်လုပ်ရေးအသင်းအတွက် ၅၁မိနစ်တွင် သန့်ဇင်ထွေးစန်းက ပထမချေပဂိုး၊ ၅၅ မိနစ်တွင် လာကျဲအိုလွယ်က ဒုတိယချေပဂိုး သွင်းယူသည်။ သစ်တောရေးရာအသင်းအတွက် တတိယဂိုးကို ၆၂မိနစ်တွင် အောင်ထွန်းနိုင်က သွင်းယူပြီး စတုတ္ထဂိုးကို မိနစ် ၇၀တွင် အောင်ထွန်းနိုင်ကပင် သွင်းယူသည်။

ဆောက်လုပ်ရေးအသင်းအတွက် တတိယချေပဂိုးကို ၇၂မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် လာကျဲအိုလွယ်က သွင်းယူသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို သစ်တောရေးရာအသင်းမှ အောင်ထွန်းနိုင်က ရရှိသည်။ သစ်တောရေးရာအသင်းသည် အကြိုဗိုလ်လုပွဲ တက်ရောက်သွားပြီဖြစ်ရာ ဇွန် ၇ ရက်တွင် စွမ်းအင်အသင်းနှင့် တပ်မတော်(ကြည်း)အသင်း ပွဲစဉ်မှ အနိုင်ရသူနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

ဇွန် ၂ရက် (ယနေ့) ညနေ ၃နာရီခွဲတွင် သုဝဏ္ဏဘောလုံးကွင်း၌ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့် ကာကွယ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ

မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့ အောင်ပန်းဆင်နိုင်ရေး လေ့ကျင့်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားအဖွဲ့ချုပ် အမှုဆောင်သစ်အနေဖြင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ရေရှည်စီမံချက်များ ချမှတ် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်သည် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် အောင်ပန်းဆင်နိုင်ရန်အတွက် ကြိုတင်လေ့ကျင့် ပြင်ဆင်လျက် ရှိသည်။ ၂၀၀၅ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်မြို့၌ အရှေ့တောင် အာရှပြိုင်ပွဲအကြို အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်း ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်လည်း စီစဉ်လျက်ရှိသည်။ အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲအသစ်အနေဖြင့် အမျိုးသားနှစ်ယောက်တွဲ (နှစ်ယောက်တန်း) ပြိုင်ပွဲအသစ်ကို ထည့်သွင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံအဖြစ် ပါဝင်ဆင်နွှဲမည့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ နိုင်ငံတကာ ပြိုင်ပွဲများအတွက် ပဏာမလက်ရွေးစင်များ လေ့ကျင့်ရာ သုဝဏ္ဏရှိ ပိုက်ကျော်ခြင်းအားကစားရုံသို့ သွားရောက်၍ ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်း(လူထုအားကစားနှင့် ပညာပေးဌာနခွဲ) အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တွေ့ဆုံကာ အာရှဖိတ်ခေါ် ပိုက်ကျော်ခြင်း ပြိုင်ပွဲ အတွေ့အကြုံ၊ စခန်းသွင်းလေ့ကျင့်မှု၊ နိုင်ငံတကာ ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်မှု အခြေအနေနှင့် ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များကို တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

"မိမိတို့ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်သည် ထိုင်းနိုင်ငံ နသန်ဆူရီမြို့တွင် ကျင်းပသည့် အာရှဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသား အသင်း ဒုတိယအဆင့် ပြိုင်ပွဲတွင် တတိယနှင့်အမျိုးသမီးအသင်း တတိယဆုများကိုရရှိခဲ့ကြောင်း၊ ၎င်းပြိုင်ပွဲမှ အပြန်တွင် မိမိတို့နှင့် အားကစားသမားများ၏ စိတ်ထဲတွင် မချင့်မရဲ စိတ်များ ဖုံးလွှမ်း၍ပြန်လာခဲ့ရကြောင်း၊ မိမိတို့၏အဓိကပြိုင်ဘက်မှာ ထိုင်းနိုင်ငံဖြစ်ကြောင်း၊ အခြား ပြိုင်ဘက် နိုင်ငံများကိုနိုင်ပြီး ထိုင်းနှင့် သူတင်ကိုယ်တင် ကစားပြီးမှ ရှုံးခဲ့ရကြောင်း၊ မိမိတို့ ထိုင်းမှပြန်လာပြီးနောက် ပဏာမလက်ရွေးစင် အမျိုးသား ၁၆ဦးနှင့် အမျိုးသမီး ၁၄ဦး စုစုပေါင်း အားကစား မောင်မယ် ၃၀ စခန်းသွင်း လေ့ကျင့်မှုကို မေလတွင် စတင်ပြုလုပ်ကြောင်း၊ အဖွဲ့ချုပ် အစီအစဉ်အဖြင့် အားကစားသမား တစ်ဦး လျှင် ကျပ် ၁၅၆၀ နှုန်း တစ်နေ့တာ အာဟာရဖြည့်တင်းမှုပြုလုပ်ပြီး အားကစားသမားတစ်ဦးကို တစ်လလျှင် ကျပ်သုံးသောင်း ထောက်ပံ့ကြောင်း၊ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်အနေဖြင့် မကြာမီ မန္တလေးတွင် B.B.B.Cup လူသစ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ရန်ကုန်မြို့တွင် ILBC Cup လူသစ်တန်းပြိုင်ပွဲများ ကျင်းပရန် စီစဉ်လျက်ရှိကြောင်း၊ ပြိုင်ပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ပေးခြင်းဖြင့် လူငယ်လူသစ် မျိုးဆက်သစ်များလည်း မလွဲမသွေ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ စခန်းသွင်းလေ့ကျင့်နေစဉ် အားကစားသမား တစ်ဦးချင်းအပေါ်လေ့ကျင့်မှုမှတ်တမ်း ရလဒ်များကို ပြုစုထားပြီး ယင်းမှတ်တမ်းအပေါ် အခြေခံ၍ အားကစားသမား တစ်ဦးချင်း၏ အဆင့်ကို သတ်မှတ်သွားမှာဖြစ်ကြောင်း၊ ၎င်းသို့ စီစဉ်ထားခြင်းဖြင့် ဘယ်သူက ရွေး၍ ဘယ်သူက လက်ရွေးစင် ဖြစ်သည် ဆိုသောဖြစ်ရပ်များ ရှိမည်မဟုတ်ဘဲ အားကစားသမားတိုင်းသည် ၎င်းတို့ကိုယ်တိုင် ရွေးချယ်စေသော စနစ်ချထားခြင်း ဖြစ်ကြောင်း၊ မိမိတို့တိုးတက်မှု အနိမ့် အမြင့်အမှန်ကို သိခြင်းဖြင့် မိမိမည်သို့ အဆင့်မြင့်တိုးတက်ရန် လုပ်ဆောင်ရမည်ကို မိမိကိုယ်တိုင် သဘောပေါက်လာစေသည့်စနစ်ကို ချထားခြင်း ဖြစ်ကြောင်း၊ စခန်းသွင်းလေ့ကျင့်ပြီးချိန်၌ ကစားသမား၏ လေ့ကျင့်မှုအရ ရရှိသော ရလဒ်အပေါ် မူတည်၍ အဖွဲ့ချုပ် အနေဖြင့် ထိုက်တန်စွာ ချီးမြှင့်မည် ဖြစ်ကြောင်း၊ ၎င်းသို့ စီမံထားချက်ဖြင့် ကစားသမား တစ်ဦးချင်း လူမှုဘဝ စိတ်အေးရပြီး ပိုမိုတိုးတက်အောင် လေ့ကျင့်မှုပြုလုပ်လာနိုင်ကြောင်း" ပြောကြားသည်။

နိုင်ငံတကာပြိုင်ပွဲများအဖြစ် ၂၀၀၄ခုနှစ် ဩဂုတ်လ၌မလေးရှားနိုင်ငံတွင် ကျင်းပမည့် U.B.B Cup ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး အဖွဲ့လိုက်ပြိုင်ပွဲ၊ အောက်တိုဘာလတွင် ဗီယက်နမ်တွင် ကျင်းပမည့် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ နိုဝင်ဘာလတွင် ထိုင်းနိုင်ငံတွင် နှစ်စဉ် ကျင်းပလျက်ရှိသည့် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် မြန်မာအားကစားအဖွဲ့ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

"ပြည်နယ်နှင့်တိုင်းများရှိမြို့ကြီးများတွင် ပိုက်ကျော်ခြင်းကလပ်တစ်ခုစီဖွဲ့ရန် စီစဉ်ထားကြောင်း၊ အဖွဲ့ချုပ်မှပိုက်၊ ခြင်းလုံးနှင့်ပိုက်ကျော်ခြင်း အထောက်အကူ ပစ္စည်းများ ပံ့ပိုးပေးမည် ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းများမှ ပိုက်ကျော်ခြင်းကစားနည်းကို စိတ်ဝင်စားသည့်သူများအတွက် ဒိုင်လူကြီးသင်တန်း၊ နည်းပြသင်တန်းများကို ဖွင့်၍ ထိုင်းမှ နည်းပြများခေါ်၍ ပို့ချဆွေးနွေးရန်အတွက် ငှားရမ်းထားကြောင်း၊ မျိုးဆက်သစ် ခြင်းလုံးသမားများ ပေါ်ထွက်စေရေးအတွက် ပြည်နယ်နှင့် တိုင်းမြို့ကြီးများတွင် နှစ်လတစ်ကြိမ် ပြိုင်ပွဲများကျင်းပရန် စီစဉ်ထားကြောင်း၊ ပျူခေတ်ကစခဲ့သည့် ခြင်းလုံးသမိုင်းကို အသစ်ပြန်၍ ရွှေရောင် လွှမ်းစေတော့မည် ဖြစ်ကြောင်း" စသဖြင့် မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

နိုင်ငံတကာပြိုင်ပွဲများအတွက် အမျိုးသား ပဏာမ လက်ရွေးစင် အားကစားသမားများမှာ နောက်ခံလူများအဖြစ် ပြည်ထဲရေးမှအောင်ဟိန်း၊ သစ်တောမှဇော်ဇော်ထက်၊ အား/ကာ သိပ္ပံရန်ကုန်မှ ရာဇာထွန်း၊ပို့ဆောင်ရေးမှ ဟန်စိုးထွန်းနှင့် သိန်းဦး၊ညာအတွင်းလူ (ဖိုက်တာ) ရိုက်ခုတ်သူများအဖြစ် သစ်တောမှ ကျော်မင်းစိုး၊ ရန်ကုန်မြို့တော် စည်ပင်မှ အောင်ချိုမြင့်နှင့် ကျော်ကျော်အောင်၊ လယ်/ဆည်မှ စောတင်မိုးနှင့် ဇော်ဇော်အောင်၊ ပို့ဆောင်ရေးမှ မြတ်သီဟထူးနှင့် ရထားမှ ဇော်လတ်၊ ဘယ်အတွင်းလူ(ဖိုက်တာ)များအဖြစ် သစ်တောမှ ကျော်ဇေယျနှင့် ခိုင်မင်းစိုး၊ ရန်ကုန်မြို့တော်စည်ပင်မှ သိန်းဇော်မင်းနှင့် လယ်/ဆည်မှ ဥက္ကာစိုးတို့အား ပဏာမရွေးချယ်စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။

အမျိုးသမီး ပဏာမလက်ရွေးစင် အားကစားသမားများမှာ နောက်ခံလူများအဖြစ် ပြည်ထဲရေးမှစန်းစန်းဌေး (၂)၊ရန်ကုန်မြို့တော်စည်ပင်မှခင်နုနုဖြိုး၊ ယဉ်မျိုးဝေနှင့် အိသဥ္ဇာ၊ပို့ဆောင်ရေးမှ ကြူကြူသင်း ညာအတွင်းလူ(ဖိုက်တာ) ရိုက်ခုတ်သူများမှာ ပြည်ထဲရေးမှ ခင်ချိုလတ်၊ ခင်အေးမော်နှင့် ဇင်မာထွန်း၊ ရန်ကုန်မြို့တော်စည်ပင်မှ စိုးဆင့်ဆင့်အောင်၊ မေဇင်ဖြိုးနှင့် ရီစိုးလှိုင်၊ ဘယ်အတွင်းလူ ပင့်ထောက်သူနှင့်(ဖိုက်တာ) အရိုက်သမားများအဖြစ် ပြည်ထဲရေးမှ စန်းစန်းဌေး(၁)၊ရန်ကုန်မြို့တော်စည်ပင်မှ မာမာဝင်းနှင့် နိုင်နိုင်ဝင်းတို့အား စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသည်။

အုပ်ချုပ်သူအဖြစ် ဒိုင်လူကြီး ဦးကျော်ဇောအား တာဝန်ပေးထားပြီး အမျိုးသားနည်းပြဆရာများမှာ ဒုရဲအုပ် သန်းထွန်း(ပြည်ထဲရေး)၊ တပ်ကြပ် သန်းဇော်ဦး(ကာကွယ်ရေး)၊ စိုးမြင့်အောင်(မြို့တော်စည်ပင်)နှင့် ဦးရွှေဝင်း (လယ်/ဆည်)တို့ဖြစ်သည်။အမျိုးသမီး နည်းပြများအဖြစ် ဦးဖြိုးဝေထက် (မြို့တော်စည်ပင်)နှင့်ရဲအရာခံသန်းလွင် (ပြည်ထဲရေး)တို့က နည်းစနစ်မှန်မှန်ဖြင့် လေ့ကျင့်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။ ။

(မြန်မာ့အလင်း)

နိုင်ငံတကာပြိုင်ပွဲများအတွက် ပဏာမရွေးချယ်လျက်ရှိသော အမျိုးသားလက်ရွေးစင်များ အကြောလျှော့လေ့ကျင့်ခန်းပြုလုပ်စဉ်။
(ဓာတ်ပုံ-သိန်းဝင်းလေး၊ မြန်မာ့အလင်း)

နိုင်ငံတကာပြိုင်ပွဲများအတွက် ပဏာမရွေးချယ်ထားသော ပဏာမ လက်ရွေးစင် အမျိုးသားပိုက်ကျော်ခြင်းအသင်း လေ့ကျင့်နေစဉ်။
(ဓာတ်ပုံ-သိန်းဝင်းလေး၊ မြန်မာ့အလင်း)

ကွင်းဆင်း ကြီးကြပ်

ပေါက်ခေါင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် မြို့ပြကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို မေ ၂၅ ရက်က အမှုဆောင် အရာရှိ

ဦးကြည်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းနိုင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကိုယ်ကာယအလှဆင်ပစ္စည်းသစ်များ မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁

Matsushita Electric Industrial Co., Ltd. နှင့် Wellness & Beauty Hub Ltd.(A Subsidiary of Han Myanmar Electronics) တို့ ပူးပေါင်းကျင်းပသော "New Wellness Beauty care Products Seminar" ကိုယ်ကာယအလှဆင်ပစ္စည်းသစ်များ မိတ်ဆက်ရှင်းလင်းပွဲကို မေ ၃၀ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ဂရင်းပလာဇာပတ်ခ်ရွိုင်ရယ်ဟိုတယ်ခန်းမ၌ ကျင်းပရာ အထူးဖိတ်ကြားထားသူများ၊ အရောင်းကိုယ်စားလှယ်များ တက်ရောက်ကြပြီး အခမ်းအနားတွင် Home Appliances Department Sale Engineer Mr. Nicholas Jan C.E က ပစ္စည်းသစ်များနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြကြောင်း သိရသည်။**(အောက်ပုံ)(မြန်မာ့အလင်း)**

ရေလဲ-ရေလဲချောင်းဖျားလမ်းသစ်ဖွင့်

ဓနုဖြူ မေ ၁၆

ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော ဓနုဖြူမြို့နယ် ရေလဲစံပြကျေးရွာအုပ်စုရှိ ရေလဲ-ရေလဲချောင်းဖျား မြေသားလမ်းသစ်ဖွင့်ပွဲကို မေ ၁၃ ရက်က အဆိုပါ လမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်က ရေလဲကျေးရွာနှင့် ရေလဲချောင်းဖျား မြေသားလမ်းသစ် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ရေလဲ-ရေလဲချောင်းဖျား မြေသားလမ်းသစ်ကို မြို့နယ်အတွင်းရေးမှူး ဦးအောင်ဇင်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ရေလဲ-ရေလဲချောင်းဖျား မြေသားလမ်းသစ်သည် အရှည်ပေ ၇၀၇၇နှင့် အကျယ် ၁၆ ပေ ရှိပြီး စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေကျပ် ၁၉သိန်းနှင့် ပြည်သူထည့်ဝင်ငွေ ကျပ် ၁၀သိန်းဖြင့် ဆောင်ရွက်ကြကြောင်း သိရသည်။ **(ဝ၈၅)**

မောင်တောမြို့နယ် ခရိုင်ပျိုးဥယျာဉ်၌ ပျိုးထောင်ထားရှိမှုကို မေ ၂၅ ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမွန် ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးဘမြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့က ရှင်းလင်းတင်ပြစဉ်။

(ခရိုင် ပြန်/ဆက်)

ကမ္ဘာအေးစေတီ ထီးတော်တင်လှူပူဇော်

မိုးကုတ် မေ ၁၈

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့ တောင်ကချင်ရပ်ရှိ ဦးရသေ့လှူဒါန်းသည့် မာဃတောင်တန်းတွင် တည်ရှိသော ကမ္ဘာအေးစေတီထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားကို မေ ၁၃ ရက် နံနက်ရနာရီက အဆိုပါကုန်းတော် မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။

အခမ်းအနားသို့ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ သီတဂူဆရာတော် အဂ္ဂမဟာမဏ္ဍိတ မဟာဓမ္မကထိကအကျော် ဗဟုဇန ဟိတရေ ဘဒ္ဒန္တ ဒေါက်တာဉာဏိဿရအမှူးပြု၍ သီတဂူ အုပ်ချုပ်ရေးမှူးဆရာတော် ဘဒ္ဒန္တ မဟော်သဓပဏ္ဍိတ၊ လက်ထောက် အုပ်ချုပ်ရေးမှူး ဆရာတော် ဦးကောဝိဒ၊ လက်ထောက် ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တသြသီသာရနှင့် မြို့နယ် သံဃနာယက ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်ကြပြီး ဒုတိယဗိုလ်မှူးကြီး ကိုကိုသန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဟန်၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးသိန်းထွန်းနှင့် အလှူရှင်တို့က ထီးတော်ကိုပင့်ဆောင်တင်လှူပူဇော်ကြသည်။

မေ ၁၄ ရက် နံနက်ကလည်း ယင်းကုန်းတော်ပေါ်ရှိ မင်္ဂလာမဏ္ဍပ်တွင် သီတဂူဓမ္မဝိဟာရကျောင်းတိုက်ဖွင့်ပွဲကို ကျင်းပပြီး သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်မှ အရှင်သုနန္ဒအား ကျောင်းတိုက်ဆရာတော်အဖြစ် တင်မြှောက်ပြီး သီတဂူဆရာတော်ကြီးထံမှ ရေစက်ချအနုမောဒနာတရားနာယူကြကြောင်း သိရသည်။ **(က-ပ)**

မြင်းခြံမြို့ အေးမြသီတာဈေးကြီး၌ မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပစေရေးအတွက် အဖွဲ့ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မန်းတက္ကသိုလ်သချ်ာမိသားစု အာစရိယပူဇော်

မန္တလေး မေ ၂၆

မန္တလေးတက္ကသိုလ် သချ်ာမိသားစု ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို မေ၂၆ရက်က မန္တလေးတက္ကသိုလ် ဓမ္မာရုံတွင် ကျင်းပရာ မန္တလေးတက္ကသိုလ်သချ်ာဌာနမှ အငြိမ်းစားယူပြီး တာဝန်ထမ်းဆောင်ဆဲ ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကန်တော့ခံကြ၍ ၁၉၆၈မှ ၂၀၀၀ပြည့်နှစ်အထိ မန္တလေးတက္ကသိုလ်တွင် သချ်ာဘာသာအဓိကဖြင့် ဘွဲ့ယူခဲ့ကြသော သချ်ာမိသားစု ကျောင်းသားနှင့်ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကန်တော့ကြသည်။

ဆုပေးစကားပြော

ရှေးဦးစွာ ကန်တော့ခံဆရာကြီးဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက ကန်တော့ကြရာ အငြိမ်းစားပါမောက္ခချုပ် သချ်ာဆရာကြီးဦးဘတုတ်က ဆုပေးစကားပြောကြားသည်။

ပြောကြား

ထို့နောက် ဆရာကြီးဦးအောင်စိန်၊ ဆရာကြီးဦးစိုးပိုင်နှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိမ်းမြင့်တို့က ဆုံးမဩဝါဒစကားပြောကြားကြပြီး ဆရာမကြီးဒေါ်ခင်နုက အာစရိယပူဇော်ပွဲစတင်ပေါ်ပေါက်လာပုံကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ဆက်လက်၍ ကျောင်းသားကျောင်းသူဟောင်းများကိုယ်စား အာစရိယ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစောအောင်က ကျေးဇူးတင်စကားပြောကြားပြီး ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက်ညပိုင်းတွင် သချ်ာမိသားစု မိတ်ဆုံညစာစားပွဲ အခမ်းအနားကို အိုရီယန်တယ်ဟောက်(စ်) ခန်းမတွင် ကျင်းပကြသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

မေ ၂၄ ရက်က တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အိုးဖိုရပ်ကွက်နှင့် ရွှေဆံတော်ရပ်ကွက်သို့ ဆက်သွယ်သည့် အောင်သိဒ္ဓိ အုတ်ရိုးတံတား ကြမ်းခင်း ကွန်ကရစ်လောင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလင်းထွန်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂)ဒေါ်နီနီသွင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၃၈၀)

ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့ ၅ ရပ်ကွက် ဝေဠုဝန်ဘုန်းကြီးကျောင်းလမ်းရှိ မြောင်းမကြီးအတွင်းမှ အမှိုက်သရိုက်များ ဆယ်တင်ခြင်းနှင့် မြောင်းနှုတ်ခမ်းရှိ ပေါင်းမြက်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းကို မေ ၂၃ရက်က မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသားများနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းဆောင်ရွက်ကြရာ မင်းလှမြို့နယ် ဥက္ကဋ္ဌ ဦးအောင်သူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးသီဟထွန်းတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၃-၆-၂၀၀၄(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဇောဗ္ဗျင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ-၁၄)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ငယ်ကချစ်အနှစ်တစ်ရာ မမေ့ပါနှင့် ကိုယ်တွေ့ဆောင်းပါးများ (ပခုက္ကူဦးအုံးဖေ) (၂)မျက်ရည်စများနှင့်ရယ်သံ (ကျော်လှိုင်ဦးပြန်ဆိုသည်)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (သိပ္ပံစက်မှုနှင့် နည်းပညာ တိုးတက်မှုမှတ်တိုင်များ-မောင်ဆုရှင်)

၁၂း၃၀ အစာနှင့် အာဟာရ (ခွေးတောက်ရွက်)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ သုတရေးရာဖြေကြားလွှာ

၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (ကမ္ပည်းမထိုးသောအလှူ)

၁၉း၄၀ နှောင်းတေးထံတျာ

မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပ

မိုင်းဖြတ် မေ ၂၇

မိုင်းဖြတ်မြို့ ရှုခင်းသာဂေါက်ကွင်း၌ မေ ၂၂ ရက် နံနက် ၇ နာရီက မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပရာ အခမ်းအနားသို့ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်ပြည်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်တို့က ဖွင့်ပွဲအထိမ်းအမှတ် သစ်ပင်များစိုက်ပျိုးကြသည်။ အဆိုပါ အခမ်းအနားတွင် ထင်းရှူး၊ ခါတော်မီ၊ စိန်တံခွန်၊ အော်ရီရှား၊ ပနားမားငု စသည့်သစ်ပင် ၁၀၀၀ ကျော်စိုက်ပျိုးခဲ့ပြီး ယခုနှစ်မိုးရာသီအတွင်း သစ်ဆိမ့်ပင်အပါအဝင် သစ်ပင် ၄၀၀၀၀ ကျော်အထိ စိုက်ပျိုးကြသည်။

(ခရိုင် ပြန်/ဆက်)

မိုးစပါးပန်းတိုင်အထွက်တိုးရေးနည်းပညာပေး

တောင်ငူ မေ ၃၀

ပဲခူးတိုင်း တောင်ငူခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ရရှိရေး နည်းပညာ ဆွေးနွေးပွဲကို မေ ၂၇ ရက်က ခရိုင်မန်နေဂျာရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်မန်နေဂျာ ဦးအောင်ကျော်ဦးက ဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးတွင် ဝန်ထမ်းများ ပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းများထားရှိသည့် စာရင်းဇယားများနှင့် အချိန်မီ ကွင်းဆင်းဆောင်ရွက်ရမည့် လုပ်ငန်းများကိုအသေးစိတ် ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် တိုင်းပညာပေးအဖွဲ့က ဘာသာရပ်တစ်ခုစီအလိုက် သင်ထောက်ကူပစ္စည်းများ အသုံးပြု၍ နည်းပညာပိုင်းဆိုင်ရာများကို အသေးစိတ် ဆွေးနွေးပို့ချကြသည်။

ဆွေးနွေး

အလားတူ လယ်သမားများနှင့် ဆွေးနွေးပွဲများကိုလည်း ဖြူးမြို့နယ် နတ်ရေကန်တွင် လည်းကောင်း၊ တောင်ငူမြို့နယ် လဲတူးနှင့် ဆိတ်ဖုးတောင် ကျေးရွာအုပ်စုတို့တွင်လည်းကောင်း ပြုလုပ်ကြကြောင်း သိရသည်။ **(က-ပ)**

လားရှိုး မြို့မဈေး၌ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြ

လားရှိုး မေ ၁၀

မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို လားရှိုး ပြည်နယ်မီးသတ်တပ်ဖွဲ့ရုံးတွင် မေ ၅ရက်က ကျင်းပရာ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း တက်ရောက်အမှာစကားပြောကြားသည်။ အခမ်းအနားပြီးနောက် အသက်ကယ်သရုပ်ပြသခြင်းများကို လားရှိုးမြို့ မြို့မဈေးကြီးတွင် သရုပ်ပြသပြီး ၎င်းသရုပ်ပြပွဲသို့ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီးလက်တွေ့သရုပ်ပြသမှုကိုကြည့်ရှုကြကြောင်းသိရသည်။ (၃၅၉)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်)၏စီစဉ်မှုဖြင့် မေ ၁၂ရက်က တိုက်ကြီးမြို့နယ် သနပ်ချောင်းကျေးရွာနှင့် ချင်းကုန်းကျေးရွာအုပ်စု သပြုသစ်တောကြိုးဝိုင်းတွင် စပါးလင်ဆီမွှေးကော ၂၀၀၀ စိုက်ပျိုးနိုင်ရေးအတွက် တောခုတ်၊ ၎တ်ဖော်၊ ရှင်းလင်း ဆောင်ရွက်နေမှုကို ခြံမန်နေဂျာ ဦးစောသိန်းနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

(၅၉)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် ဇွန် ၁

ဦးဝိသုတ (လှူမှုထူးချွန် တတိယဆင့်)**(ပုံ)** အောင်နန်းရိပ်သာကျောင်း မဟာဝေယန်ဘုံသာတိုက် ၃၅/၈၆ လမ်း ချမ်းအေးသာဇံမြို့နယ်သည် ဧပြီ ၂၃ရက်က မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် (၅၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

မွန်ပြည်နယ် ဂိုဏ်းပေါင်းစုံဆရာတော်ကြီးများအား ပူဇော် ပရိယတ္တိ စာသင်တိုက်များသို့ထောက်ပံ့လှူဒါန်း

မော်လမြိုင် မေ ၂၈

(၂၂)ကြိမ်မြောက် မွန်ပြည်နယ် ဂိုဏ်းပေါင်းစုံဆရာတော်ကြီးများ ပူဇော်ပွဲနှင့် ပရိယတ္တိစာသင်တိုက်များသို့ ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားကို မေ ၂၅ရက်က မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက် မွန်ပြည်နယ် ဆန်လှူအသင်းဖလ်ယဉ်မွှာရုံတွင် ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာမော်လမြိုင်မြို့ကောလှာ ပရိယတ္တိစာသင်တိုက်မှ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးသြဘာသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဂိုဏ်းပေါင်းစုံဆရာတော်ကြီးများအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

လက်ခံရယူ

ယင်းနောက်အလှူငွေပေးအပ်ပွဲကို ကျင်းပရာ တက်ရောက်လာကြသည့် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာတိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ပြည်နယ်အတွင်းရေးမှူးဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်၊ ပြည်နယ်ဆန်လှူအသင်းဥက္ကဋ္ဌဦးဝင်းရွှေတို့နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ မွန်ပြည်နယ် ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီးများ ပူဇော်ပွဲနှင့် ပရိယတ္တိစာသင်တိုက် ကျောင်းပေါင်း ၃၄၇ကျောင်းမှ သံဃာတော် ၅၆၃၂ပါးနှင့် သီလရှင် ၅၄၃ပါးတို့ကို ဆွမ်းဆန်စိမ်းနှင့် လှူဒါန်းမှုစုစုပေါင်းမှာ ကျပ်၃၅သိန်းကျော် လှူဒါန်းကြောင်းသိရ သည်။ **(၁၆၈)**

မော်ကျွန်းမြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ကျင်းပ

မော်လမြိုင်ကျွန်း မေ ၃၀

မော်လမြိုင်ကျွန်း မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၂၇ ရက်က မော်လမြိုင်ကျွန်းမြို့အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးမြင့်ခိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးညွန့်ရွှေတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပညာရေးအလှူငွေများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်ခိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးသန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပညာရေး အလှူငွေများ ပေးအပ်ကြရာ မြို့နယ်ပညာရေးမှူး ဦးညွန့်ရွှေနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(အောက်ပုံ)** (၀၉၇)

အမြို့မြို့ အနယ်နယ် သတင်းများ

အာစရိယပူဇော်၊ စာကြည့်တိုက်သို့ငွေလှူဒါန်း

ဝါးခယ်မ မေ ၂၀

ဝါးခယ်မမြို့အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း (ဦးဗိုလ်ကြီးကျောင်း)သက်ပြည့်အငြိမ်းစား ပင်စင်ယူကြသည့် ဆရာ ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများကို တတိယအကြိမ် အာစရိယပူဇော်ပွဲမှ တည်ဆောက်ဆဲ ကျောင်းစာကြည့်တိုက်သို့ အလှူငွေပေးအပ်သည့်အခမ်းအနားကိုမေ၆ရက် နံနက်က ကျောင်းခန်းမဆောင်တွင် ပြုလုပ်သည်။

အဆိုပါအမှတ်(၂) အလယ်တန်းကျောင်း စာကြည့်တိုက် အလှူငွေပေးအပ်ပွဲတွင် ကော်မတီဝင်များ တက်ရောက်ကြပြီး ကျောင်းသားကျောင်းသူဟောင်းများကိုယ်စားဒုတိယဥက္ကဋ္ဌဦးသန်းအောင်(တိ/မွေးကု ဦးစီး)ကအာစရိယပူဇော်ပွဲနှင့် ဆောက်လုပ်ဆဲ စာကြည့်တိုက်သို့အလှူငွေ ပေးအပ်ရခြင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက်အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီဘဏ္ဍာရေးမှူး ဒေါ်အေးမြတ်မြတ်က ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးပြုံးချိုက လက်ခံရယူကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၃၇၆)

ပညာတန်ဆောင်စာကြည့်တိုက်ပုံပြောပြိုင်

ချောက် မေ ၂၅

ချောက်မြို့နယ်ကြီးနီကျေးရွာပညာတန်ဆောင် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပသည့် စာစီစာကုံးနှင့် ပုံပြောပြိုင်ပွဲကို အဆိုပါကျေးရွာ၌ မေ ၂၀ ရက်က ကျင်းပပြုလုပ်သည်။

စာစီစာကုံးပြိုင်ပွဲကို အလယ်တန်းအဆင့်နှင့်အထက်တန်းအဆင့် နှစ်ဆင့်ခွဲ၍ယှဉ်ပြိုင်ပြီး ပုံပြောပြိုင်ပွဲတွင် ကလေးငယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ထို့နောက်ဆုပေးပွဲဆက်လက်ကျင်းပရာ ဆုရရှိသူများအား စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖဲကြိုးဖြတ် ဖွင့်လှစ်

ရေစကြိုမြို့နယ် နှောင်းဘအုပ်စု ငါးမြာလေးကျေးရွာ နွယ်နီနတ်ပန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၆ရက်က ကျင်းပရာ မြို့နယ် ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်ခိုင်နှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးအေးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

သာစည်–မင်းလှ–ကုက္ကိုစု–မရွေး ကျေးရွာချင်းဆက်လမ်းဖောက်

သာစည် မေ ၂၀

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မေ ၁၆ ရက်တွင် သာစည်–မင်းလှ–ကုက္ကိုစု–မရွေးဆက်သွယ်သည့် မြေသားလမ်းအရှည်သုံးမိုင်၊ အကျယ် ပေ ၂၀လမ်းဖောက်၍ လမ်းကြိတ်စက် ကြိတ်နင်းနေမှုကို အမှုဆောင်အရာရှိ ဦးလှသောင်းနှင့် အင်ဂျင်နီယာအဖွဲ့က ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ကြသည်။

သာစည်မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့် မြို့ဆက်သွယ်သောလမ်းများ၊ ရာသီမရွေးသွားလာနိုင်ရန် ကျေးရွာလူထုနှင့် စည်ပင်ပူးပေါင်း ကျေးလက်လမ်းပေါင်း ၃၂ လမ်း၊ ကန့်ကားလမ်းလေးလမ်း၊ လမ်း အရှည်မိုင် ၅၀ ကျော်ဖောက်လုပ် ပြီးစီးခဲ့ပြီး ကျေးလက်လမ်းသုံးလမ်း၊ လမ်းအရှည် ၆မိုင် ၆ဒသမ၅ဖာလုံနှင့် အကျယ် ၂၄ပေနှင့်ပေ၂၀ကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ **(မြို့နယ်စည်ပင်)**

ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးနှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့် ပတ်သက်သော ရောဂါများသည် ရောဂါပိုးများပါဝင်သည့် ရေ၊ အစားအသောက်တို့ကို စားသောက်မိရာမှ ကူးစက်ပြန့်ပွားပါသည်။

ရေနှင့်အစားအသောက်များအတွင်းသို့ ရောဂါပိုးများသည် အောက်ပါ အကြောင်းများကြောင့် ရောက်ရှိပါသည်။

(က) မသန့်ရှင်းသည့်လက်၊ အိုး၊ ခွက်၊ ပန်းကန်တို့ဖြင့် အစားအစာများ ချက်ပြုတ်ပြင်ဆင်ခြင်း၊ စားသောက်ခြင်း။

(ခ) အစားအသောက်များသို့ ယင်အုံ ယင်နားခြင်း။

(ဂ) မိုးရွာသောအခါများတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့်အမှိုက်သရိုက်များ စီးဝင်ခြင်း။

(ဃ) သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာများနှင့် နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက်နိမ့်သောနေရာများတွင်ရှိခြင်း။

သို့ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်–

- ရေကိုကျိုချက်၍ သောက်ပါ။
- ယင်နားစာများမစားပါနှင့်။
- ယင်လုံအိမ်သာအသုံးပြုပါ။
- အစာမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့်စင်ကြယ်စွာဆေးကြောပါ။
- တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။
- အမှိုက်သရိုက်များကို စနစ်တကျ စွန့်ပစ်ပါ။

ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့၍ ကုသမှုခံယူကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

2-6 (17).p65 1 03/25/1905, 10:14 PM





ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ်၊၂၃/၂၀၀၄
(၂၀၀၄ ခုနှစ်၊ မေလ ၂၅ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန အောက်ရှိအောက်ဖော်ပြပါ ရုံးချုပ်နှင့်ဒီဂရီကောလိပ်များတွင် လစ်လပ်လျက်ရှိသောရာထူးများအတွက် လျှောက်လွှာများအလိုရှိပါသည်–

	ဌာန	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	အဆင့်မြင့်ပညာ ဦးစီးဌာန(အထက် မြန်မာပြည်)ရုံးချုပ်	ဌာနခွဲမှူး (ကွန်ပျူတာ)	မဟာကွန်ပျူတာသိပ္ပံဘွဲ့ (သို့မဟုတ်) မဟာကွန်ပျူတာ နည်းပညာဘွဲ့	၁ နေရာ
(ခ)	ဗန်းမော်ဒီဂရီကောလိပ်၊	ဌာနခွဲမှူး	ဝါဏိဇ္ဇဘွဲ့ရရှိပြီး	၁ နေရာ
	မြင်းခြံဒီဂရီကောလိပ်၊	(ဘဏ္ဍာ)	လက်မှတ်ရပြည်သူ့စာရင်းကိုင်	၁ နေရာ
	မိုးညှင်းဒီဂရီကောလိပ်		အောင်လက်မှတ်ရရှိသူ	၁ နေရာ

၂။ **လျှောက်ထားသူသည်**

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၂-၆-၂၀၀၄ နေ့တွင် အသက် (၃၅)နှစ် [ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်] ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကိုဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၂-၆-၂၀၀၄ နေ့အရောက် ပေးပို့ရမည်။

၄။ ဌာနခွဲမှူး(ဘဏ္ဍာ)ရာထူးအတွက် ဒီဂရီကောလိပ်တစ်ခုထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ဝင်ကြေးငွေ ၅၀ိ/–ကိုသီးခြားပေးသွင်းပြီး တက္ကသိုလ်အလိုက်လျှောက်လွှာသီးခြားတစ်စောင်စီ တင်သွင်းရမည်။

၅။ လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ၅၀ိ/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် ၁/၉၁ ဖြင့်ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင်ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၇။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၂-၆-၂၀၀၄နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၈။ ၁၀-၇-၂၀၀၄ နေ့နှင့် ၁၁-၇-၂၀၀၄ နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၈-၇-၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးမည်။

၉။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်–၃၇၈၁၆၃ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ရောင်းရန်ကြော်ငြာ
တရားမကျင့်ထုံးကိုဒုပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ် ၂၁၂

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (၎င်း၏မန်နေဂျာ) အမှတ် ၁၇၀-၁၇၆၊ ကုန်သည်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။	နှင့်	၁။ ဦးအောင်စိုး ၂။ ဒေါ်မြင့်မြင့်ဝေ (ကွယ်လွန်သူ ဒေါ်လှ ၏ အမွေစားအမွေခံ) ၃။ ဒေါ်စန်း ၄။ ဒေါ်တင်အောင် ရှမ်းတဲကြီးအထက် ကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့။ ၅။ ဦးမြစိုး ၈၀န၊ သုမင်္ဂလာအိမ်ရာစခန်း သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ ၆။ ဦးတင်စိုး မြန်မာ့သဘော်ာကျင်း၊ ဆင်မလိုက်၊ ရန်ကုန်မြို့။
တရားနိုင်		**တရားရှုံးများ**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ် ၁၃၅ တွင်ရရှိသော ဒီကရီကို အတည်ပြု ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၀၄ခုနှစ် ဇွန်လ ၃၀ရက်(၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၁၄ရက်) နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်ဖြစ်ကြောင်းနှင့် ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်ကိုယ်စားလှယ်နှင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

၁။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ရှမ်းတဲကြီးကျေးရွာ ဦးပိုင်အမှတ် ၂၄/၃၊ ကွင်းအမှတ် အုတ်ကန်ကွင်း၊ မြေကွက်အမှတ် ၁၀၈၄ (က)၊ မြေဧရိယာ ၀ ဒသမ ၁၅ ဧကရှိ ၃(ခ)မြေနှင့် ယင်းမြေပေါ်ရှိ ပျဉ်ထောင်နှစ်ထပ်အိမ်။

၂။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ရှမ်းတဲကြီးကျေးရွာ ဦးပိုင်အမှတ် ၁၄/၄၊ ကွင်းအမှတ် အုတ်ကန်ကွင်း၊ မြေကွက်အမှတ် ၁၀၈၄ (က)၊ မြေဧရိယာ ၀ ဒသမ ၂၁ ဧက အကျယ်အဝန်းရှိ ၃(ခ) မြေနှင့် ယင်းမြေပေါ်ရှိနှစ်ထပ်အိမ်တစ်လုံး။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်မှာ တရားနိုင်ဘက်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်ပြီး မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်က တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက်လက်ခံရန်မသင့်ကြောင်းရောင်းချသူ အရာရှိက ထင်မြင်လျှင် လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက်တည်း နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့်စပေါ်ကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရရှိမည်။

၆။ လေလံတင် ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၇။ လေလံဆွဲဝယ်ရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေကို လေလံတင်ရောင်းချသည့်နေ့ကို ပယ်ပြီး ၁၅ ရက်မြောက်သည့်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။

၈။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးသွင်းရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကိုလည်း ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၉။ လေလံဆွဲဝယ်ရရှိသူအား ရုံးတော်မှ လေလံတင်ရောင်းချသည့် ပစ္စည်းကို လက်ရောက်ပေးအပ်မည်။

၂၀၀၄ခုနှစ် မေလ၂၅ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းဆွေ
တွဲဖက်တိုင်းတရားသူကြီး(၁၀)
ရန်ကုန်တိုင်းတရားရုံး။



ကန့်ကွက်နိုင်ပါသည် ယာဉ်အမှတ် ၁ဃ/၈၁၅၆၈ လက်ဝယ်ရှိသူက ကမ-၃ မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း ကညနရုံး (ဟသ်ာတ)သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ **ကညန(ခရိုင်ရုံး) ဟသ်ာတ။**

အမည်ပြောင်း
အဖ ဦးရွှေလမင်း၏သား အထက(၄) စစ်တွေပဥ္စမတန်းမှ မောင်မင်းသူကိုအား မောင်အောင်ကိုခန့်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကိုခန့်။**

ကြက်ခြံရောင်းမည်
၃ ဧက၊ ရေ၊မီး၊အိမ် အဆင်သင့် ကျောက်တန်း၊ ညောင်ပိုင်းရွာ။
557057, 557602, 526796

အမည်ပြောင်း
ဦးသိန်းမြင့်ဦး၏သမီး အမက (၂၉)သဃ်န်းကျွန်း၊ ၁၆ အပိုင်း(၁)၊ တတိယတန်း (A) တွင် ပညာသင်ကြားနေသော မအေးမိစံကို မဖြိုးဧကရီဟုပြောင်းလဲခေါ်ပါရန်။ **မဖြိုးဧကရီ။**

ကားအမြန်ရောင်းမည်
Dyna Mazda Titan 87-Model
၂က/၅---၊ ၁၀ပေ၊ အင်ဂျင်ဆေး၊ ဘော်ဒီ(အသစ်)
ဆိုဈေး ၅၅ သိန်း
ဖုန်း–၀၅၆-၂၅၁၈၆

မိဘအမည်မှန်
မိုးကုတ်မြို့ အထက(၃) အဋ္ဌမတန်းမှ မောင်ဇေယျာဦး၏ မိဘများ အမည်မှန်မှာ ဦးသန်းထွန်း–ဒေါ်စက်မြင့် ဖြစ်ပါသည်။

အမြန်ရောင်းမည်
အောင်မင်္ဂလာအဝေးပြေးအနီး သုဓမ္မာလမ်းမကြီးပေါ် ပေ ၄၀ X ပေ ၃၀(BN နှစ်ထပ်)
ဖုန်း–၀၉-၅၀-၁၂၃၂၂

ကန့်ကွက်နိုင်ပါသည် မော်တော်ယာဉ်အမှတ် ၁က/၄၃၃နှင့် ခ/၉၇၄၉ လက်ဝယ်ရှိသူက မှတ်ပုံတင်ခွင့် လျှောက်ထားလာပါ၍ ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကညနခရိုင်ရုံး (မအူပင်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **(ကညန၊ မအူပင်)**

ဦးထင်ဇော်(ညွှန်ကြားရေးမှူး၊တရားရုံးချုပ်)၏
တရားမလက်တွေ့ အသုံးချ မှတ်စုများ (၆)
ထွက်ပြီ
ဖြန့်ချိရေး–ဖိုးဝဥပဒေစာပေ၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ ဖုန်း–၇၂၁၈၂၄

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားခြင်း
မော်တော်ယာဉ်အမှတ် ဒ/၁၅၄၂ လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညနခရိုင်ရုံး (မင်းဘူး)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ခရိုင်ရုံး(မင်းဘူး)။



ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
အန်လေဝှါ(ခ)ဒေါ်ဝါ
ဒါရိုက်တာ
Hundred Smiles Co., Ltd.
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ လသာလမ်း၊ အမှတ် ၁၈ (ပထမထပ်)နေ ဦးအုံရှုံပွ(ခ)ဦးပွ၏ဇနီး၊ ဦးအုံချိန်ဟိုက်၊ ဒေါ်လုလုဦး–ဦးသန်းဦး၊ ဦးအောင်စိန်လင်း(ခ)ဦးကင်း–ဒေါ်အေးမြင့်၊ ဒေါ်ခင်ခင်ဝင်း–ဦးမြထွန်း၊ ဦးအောင်စိန်ထွန်း–ဒေါ်မိမိစိုး၊ ဦးသိန်းဇော်–ဒေါ်သော်တာတို့၏မိခင်၊ မြေး ၁၈ ယောက်တို့၏အဘွားသည် ၁–၆–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၆–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ပုဂံ–ညောင်ဦးမြို့နေ မဇင်မာလွင်(MPA)သင်တန်းအမှတ်စဉ်(၃) ဖခင်ဖြစ်သူ ဦးတော့ရင် အသက်(၆၉)နှစ်သည် ၂၉–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

ပါမောက္ခချုပ်၊ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများနှင့် (MPA)သင်တန်းအမှတ်စဉ်(၃)သင်တန်းသားသင်တန်းသူများ။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့နေ ဒေါ်ဘေရာ၏ခင်ပွန်း၊ ဦးစိန်လွင်–ဒေါ်မြင့်မြင့်၊ ဦးမောင်ပို–ဒေါ်ရှုဘီ၊ ဦးမောင်စစ်တို့၏ဖခင် ဦးစင့်ကြည် (၉၅)နှစ်သည် ၃၀–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးယုန်ကြည်–ဒေါ်စန်းတင်မိသားစု၊မြိတ်မြို့။

တစ်လပြည့်အလွမ်း (၂–၅–၂၀၀၄)
ဒေါ်ခင်ဝင်းဝင်း (ပဲခူး)

မိသားစုအပေါ်တာဝန်ကျေပွန်သော မေမေ၊ မိသားစုနှင့်ခွဲခွာသွားသည်မှာ တစ်လပြည့်မြောက်သွားပြီဖြစ်သော်လည်း မေမေ့ကျေးဇူးတရားများကို နေ့စဉ်အောက်မေ့တသလျက် ပြုသမျှသောကောင်းမှုကုသိုလ်ဒါနအစုစုတို့ကို မေမေ့အား ရည်စူး၍ အမျှပေးဝေပါတယ်။

မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ မေမေရေ–အမျှ–အမျှ–အမျှ–။

ချစ်ခင်ပွန်း – ဦးနိုင်ဝင်းနှင့်သားသမီး၊မြေးများ။
ဦးကျော်ကျော်နိုင်ဝင်း–ဒေါ်လှိုင်သီဂီနွယ်၊
ဒေါ်မော်ဝင်းလတ်၊
ဒုရဲအုပ်မောင်မောင်ဝင်း–ဒေါ်စန္ဒာနိုင်ဝင်း၊
ဦးစောလွင်–ဒေါ်သီတာနိုင်ဝင်း၊
ဦးသီဟနိုင်ဝင်း–ဒေါ်စုထက်အုန်း။

ဒေါ်ဘာသီလက်ချမီး(ခ) ဒေါ်မေစီ
အသက်(၈၁)နှစ်

မန္တလေးမြို့၊ နန်းရှေ့နေ (ဦးM.V လားဇရက်စ်–ဒေါ်သာနန်း)တို့၏ သမီးငယ်၊ ရန်ကုန်မြို့နေ ဦးပီတာဆန်လားဇရက်စ်)၏ညီမ၊ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ အမှတ် ၁၂၁/က၊ သုဒဿန ၂ လမ်းနေ (ဗိုလ်ကြီး R. ရာဂျာ၊ ငြိမ်း)၏ဇနီး၊ အမှတ် ၁၈၂/၂၀၂၊ အခန်း၈၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးမော်ဂင်ရာဂျာ၊အကောက်ခွန်မှူး၊ငြိမ်း)၊ဒေါ်ဗြူတီ၊ ဒေါ်ဘေဘီရာဂျာ (သ/မ ဦးစီးဌာန)၊ မအေးအေးသန်းတို့၏မိခင်၊ မောင်မျိုးမင်းမြတ်(တပ်မတော်–ရေ)၊ မောင်နိုင်လင်း(ပထမနှစ်၊ သချာ်)၊ မောင်ဒီးဒီး (IX၊ အထက၊ ကျောက်တံတား)တို့၏ အဘွားသည် ၃၁–၅–၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၄း၁၅ နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြင့်စိုး (မော်လမြိုင်)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၆)ရပ်ကွက်၊ မိုးမခ ၂ လမ်း၊ အိမ်အမှတ် ၁၁၃၈ နေ(သစ်တောဝန် ဦးစိန်ပင်–ဒေါ်ငွေရီ)တို့၏မြေး၊(တိုင်းပညာဝန် ဦးတင်အောင်–ဒေါ်ခင်မြင့်)တို့၏ သား၊ ဒေါ်ယဉ်ယဉ်ငွေ၏မောင်၊ဦးဝင်းအောင်၊ ဒေါ်ကြူကြူလှိုင်၊ ဒေါ်ကြူကြူမွေး၊ ဦးမောင်မောင်ထွေး၊ ဒေါ်စန်းစန်းငွေ တို့၏အစ်ကိုကြီးသည် ၁–၆–၂၀၀၄ရက် (အင်္ဂါနေ့)တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးဆပ်ပါမည်

နိုင်ငံသားစိစစ်ရေးကတ်ပြား အပါအဝင် အရေးကြီးစာရွက်စာတမ်းများနှင့် သော့တွဲများပါဝင်သည့် လက်ကိုင်အိတ်တစ်လုံး ၂၈–၅–၂၀၀၄ရက်က ပျောက်ဆုံးသွားပါသည်။တွေ့ရှိသူများအောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပို့ပေးပါက ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဦးစိန်အေး၊ ဖုန်း–၅၃၈၅၄၆၊
GSM–၀၉၅၀၁၇၁၅၅
အမှတ် ၅၃၊ တရုတ်ကျောင်းလမ်း၊
စမ်းချောင်း၊ ရန်ကုန်မြို့။

ရဟန်းဒါယိကာမကြီး
ဒေါ်သောင်းမြင့်
(ဘုရားလေး)ပဲခူး
အသက်(၇၁)နှစ်

ပဲခူးမြို့နေ ဦးတင့်ဆွေ–ဒေါ်ရွှေရွှေအောင်၊ဘုရားကလေးကျေးရွာနေ ဦးညွန့်ဝေ–ဒေါ်တင်တင်ဝေ၊ ဦးမြင့်အောင်–ဒေါ်နုနုဝေတို့၏မိခင်၊ (ဦးမြင့်)၏ဇနီး၊ မသန္တာညွန့်ဝေ၊ မနေခြည်ဆွေ၊ မမိုမို့သန်း၊ မနွေစန္ဒီအောင်၊ မချစ်ဆုရည်၊ မောင်ပိုင်သူမြင့်အောင်တို့၏အဘွားသည် ၃၁–၅–၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၄–၆–၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ပဲခူး၊ ဘုရားကလေး၊ နေကျော်တန်းရပ်နေ (ဒေါ်သောင်းမြင့်)နေအိမ်မှပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
မိုဟာမက်ယူနွတ်ဘိုင်(ခ) ဦးကျော်သန်း
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၂၀၄၊ ပန်းဆိုးတန်းလမ်းနေ (ဟာဂျီ ဦးကျော်စိန်–ဟာဂျီမ ဒေါ်စိန်–ဟာဂျီမဒေါ်ခင်စိန်)တို့၏သား၊ ဦးကျော်လွင်–ဒေါ်ညွန့်ရီတို့၏ညီ၊ ဦးမိုင်တတ်စွန်–ဒေါ်ခင်မာဝင်း၊ ဟာဂျီမဒေါ်ခင်မာလာတို့၏အစ်ကို၊တူ တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၂၉–၅–၂၀၀၄ရက်တွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ ဇဟိုရ်အပြီးတွင် ရေဝေးစွန်နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

မောင်သက်ဇော်ဦး
(စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန)
အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ် ၁၁၀၅ နေ (ဦးလွန်းကြည်) [စီးပွား/ကူးသန်း၊ ငြိမ်း)]ဒေါ်သိန်းရွှေတို့၏သား၊ မတင်နွဲ့မူ–မောင်မြင့်ကို၊ မဖြူစင်ကျော့၊ မဇာခြည်လင်း၊ မောင်ရဲဝင့်ထွန်းတို့၏ အစ်ကိုသည် ၁–၆–၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃–၆–၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ချစ်တင်
အသက်(၉၀)

ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊ဦးဝိစာရအိမ်ရာ၊ တိုက် ၁၄၊အခန်း ၁၄ နေ(ဦးဘိုးအောင်–ဒေါ်သောင်း)တို့၏သမီး၊ ဗိုလ်ကြီးသန်းဝင်း(ငြိမ်း)၏ဇနီး၊ဦးကြည်လွင်ဦး–(ဒေါ်မြင့်မြင့်သန်း)တို့၏မိခင်၊ ကိုအောင်ကျော်စိုး – ဒေါက်တာထက်ထက် (ဆေးဝါးဗေဒဌာန၊ ဆေး–၁)တို့၏ အဘွားသည်၁–၆–၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၂၅နာရီတွင်ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင် (မြိတ်)
အသက်(၈၁)နှစ်

မြိတ်မြို့၊ ကျန်တောရပ်၊ ဗန္ဓုလလမ်းနေ (ဦးဘတင်)၏ဇနီး၊ ဦးဟိုတင်–ဒေါ်မြင့်မြင့်သန်း၊ ဦးထွန်းဝင်း–ဒေါ်ထွေးထွေးရီ၊ ဦးဟုန်စိုင်–ဒေါ်ဝင်းနု၊ ဒေါ်အေးအေး၊ ဦးသောင်းစိန်–ဒေါ်နွဲ့ရီ၊ (ဦးခင်မောင်ဝင်း–ဒေါ်ဂင်ကြည်)၊ ဦးဇော်မင်း–ဒေါ်ဆန်းဆန်းအေး၊ ဦးအောင်မင်း၊ ဦးဇော်ဝင်း–ဒေါ်မာမာညို၊ ဦးနေဝင်း–ဒေါ်ကြူကြူ၊ ဦးမြင့်စိုး–ဒေါ်ခင်ချိုချိုတို့၏မိခင်၊မြေး၂၆ယောက်တို့၏အဘွား၊ မြစ်ကိုးယောက်တို့၏ဘွားဘွားကြီးသည် ၃၁–၅–၂၀၀၄ရက် (တနင်္လာနေ့) ည ၉း၂၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ကလွင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်မိသားစု။

ဦးမောင်ဝ (မအူပင်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊လသာမြို့နယ်၊စဉ့်အိုးတန်းလမ်း၊ အမှတ် ၅၅ နေ (ဦးဘသောင်း–ဒေါ်သီ)တို့၏ သား၊ ဒေါ်လှမြိုင်၏ ခင်ပွန်း၊ ဦးမောင်မောင်ဦး–ဒေါ်စန္ဒာသောင်း၊ ဦးမောင်မောင်ခင်–ဒေါ်ခင်သန်းစိန်၊ ဦးဇော်ဝင်း–ဒေါ်မိမိကြူ၊ ဦးတင်ထွန်းအောင်–ဒေါ်ခင်နီလာတို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၃၁–၅–၂၀၀၄ရက်တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂–၆–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် အလှူဒါယိကာမ
ဒေါ်သန်းကြည်
(၄၆လမ်း မုန့်ဟင်းခါး)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၇၊ ဝတ်ကျောင်းလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်နေ (ဦးဘစိန်–ဒေါ်အေး)တို့၏သမီး၊ ဦးတင်ညွန့်၏ညီမ၊ ဦးညို၏အစ်မ၊ ဦးကြင်စိန်၏ဇနီး၊ဦးသန့်ဇင်–ဒေါ်စိုးစိုးခိုင်၊ဦးကြည်ကျင်ဖ–ဒေါ်စန်းစန်းယု၊ ဦးအောင်ကျော်သန်း–ဒေါ်ခင်နွယ်အေး၊ ဦးခင်ထွန်း–ဒေါ်ဝင်းမာဦး၊ ဦးတင်ထွဋ်–ဒေါ်နီနီဆန်း၊ ဦးယာမိုး–ဒေါ်ဝါဝါယုတို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၃၁–၅–၂၀၀၄ရက် ည ၉း၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စန်းဝင်း(ခ)ဂရီတာလှ
စာရင်းစစ်မှူး(ငြိမ်း)၊
စာရင်းစစ်ချုပ်ရုံး
(စိန့်ဖီလိုမီနာကျောင်းသူဟောင်း)
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဒေါ်စု)၊ (ဦးစံလှ–ဒေါ်အမာ)တို့၏သမီးလတ်၊ (ဦးဘချို)–ဒေါ်မြခင်၊ ဘိုကလေးမြို့နယ်နေ ဦးပြုံးရွှင်–(ဒေါ်ရှိစီလှ)တို့၏ညီမ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ နှစ်ထပ်လိုင်း ၃၊ အခန်း ၇၊ စည်ပင်သာယာ အားကစားဝင်းနေ ဦးအောင်လွင်(လမ်း/တံတား၊ မြို့တော်စည်ပင်) – ဒေါ်ရီရီဝင်း (ယာ/အုံ၊ မြို့တော်စည်ပင်)တို့၏အစ်မ၊ [ဖိုးသင်္ကြန်(ခ)မောင်အောင်ဝင်း]၏ ကြီးမေသည် ၁–၆–၂၀၀၄ရက် မွန်းလွဲ ၂း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃–၆–၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်စောရီ
အသက်(၉၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ချောင်းဝနေ (ဦးဘိုးလှ–ဒေါ်သိန်း)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊နိဗ္ဗာန်လမ်း၊ အမှတ် ၂၀နေ [ဦးလှဖေ (ဦးဓမ္မကသာရ)]၏ဇနီး၊ စကားဝါပင်လမ်းနေ (ဦးကွန်းရွှေ) – ဒေါ်ကြည်လေးတို့၏အစ်မကြီး၊ (ဦးတင်အေး)–ဒေါ်ခင်သန်းယု၊ တေးသံရှင်ဦးမျိုးမြင့်လေး–ဒေါ်ကြင်မွှေး၊ ဦးအေးသန့်–ဒေါ်နုနုရီ၊ ဦးသိန်းဆွေ (မြန်မာ့နဝရတ်မျက်မှန်သမဝါယမအသင်းလီမိတက်)–ဒေါ်ပပဝင်း၊ ဒေါ်မာလာသန်း(အလက–၈၊လှိုင်)တို့၏မိခင်၊ မြေး ၂၇ ယောက်၊ မြစ် ၁၅ ယောက်တို့၏ ဘွားဘွားကြီးသည် ၃၁–၅–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်စောကျင် (ထားဝယ်)
အသက်(၈၃)နှစ်

ထားဝယ်မြို့၊ ကည့်ုရပ်၊ သီတာလမ်း၊ အမှတ် ၂၆၇ နေ (ဦးဟန်ဘ–ဒေါ်ရှင်သူ)တို့၏သမီး၊ (ဆွာခင်းဟို)၏ဇနီး၊ ဒေါ်ချင်းဝှမ်၊ ဦးရွှေတွင်း၊ ဒေါ်ချင်ဝှင်း၊ (ဒေါ်ချင်ရှုံ)၊ (ဒေါ်ချင်းလျှံ)၊ ဦးဂွမ်ချိန်–ဒေါ်ခင်ငြိမ်း၊ ဦးဂွမ်စိန်–ဒေါ်မီမီလှ၊ ဦးကျော်မြင့်–ဒေါ်ချင်စိုး(ရန်ကုန်)၊ ဦးချွမ်စိန်၊ ဦးကျော်ဆန်းဦး–ဒေါ်ချင်ထွေး၊ ဦးမောင်မောင်ထွေး–ဒေါ်ခင်ခင်ဝင်းတို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွားသည် ၃၁–၅–၂၀၀၄ရက် ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ ကူးတို့ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးသက် (သုဝဏ္ဏ)
အသက်(၇၆)နှစ်

သုဝဏ္ဏမြို့၊(၂၅)ရပ်ကွက်၊သံသုမာလမ်း၊ တိုက်အမှတ် ၃၀၄၊ အခန်း ၁ နေ (ဦးတင်ယုံ– ဒေါ်ချို)တို့၏ သမီး၊ ဦးတင်အောင်(အငြိမ်းစား၊ အင်/ယာချုပ်ရုံး၊ ဆသရ)၏ဇနီး၊ ဦးမြင့်ဟန်–ဒေါ်တင်တင်ရှိန်၊ ဦးသိန်းဦး–ဒေါ်ခင်ခင်အေး၊ ဦးကျော်ဆွေသန်း–ဒေါ်မြင့်သိန်း (တပ်မတော် ဘောလုံးစက်ရုံ၊ မှော်ဘီ)၊ ဦးသိန်းငွေ(JSM Line)–ဒေါ်ခင်မြင့်၊ ဦးသိန်းထွန်းဆွေ–ဒေါ်အေးထွန်း၊ဦးထွန်းအောင်လှိုင်၊ ဦးမြဝင်းမော်(Seasons Hotel)–ဒေါ်မိုးမိုး၊ ဦးခင်မောင်ငွေး (မြို့နယ်စည်ပင်၊ ဗိုလ်တထောင်)– ဒေါ်ခင်ခင်လေးတို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၃၁–၅–၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂–၆–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအေးလွင်(ခ)ချူစင်ဆွေ
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၁၊ ၉ လမ်း၊ ငါးလွှာ/A၊ လမ်းမတော်မြို့နယ်နေ (ဦးခွန်နား)–ဒေါ်ဖျိုင်းတို့၏သား၊ [ယွန်းအိန်အန်(ခ)ဦးအေး]–အန်သန်းရီတို့၏ သားသမက်၊ ဒေါ်ပိုးတင်(မင်္ဂလာဈေး)၏ခင်ပွန်း၊ မမိုးမိုးအေး၊ မောင်ရဲထွဋ်အောင်၊ မဇင်မာမြင့်၊ မောင်ရဲထွန်းအေး (2°MT G.T.C၊ သန်လျင်)တို့၏ ဖခင်သည် ၁–၆–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃–၆–၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မတင်အေး(ခ)မဂျန်မေ
(စစ်တွေမြို့)
အသက်(၄၈)နှစ်

စစ်တွေမြို့၊ အမှတ် ၁၈၊ ကမ်းနားလမ်း၊ အိုးတန်းရပ်နေ (ဦးငလုံးချေ–ဒေါ်မချေ)တို့၏သမီးကြီး၊ (ဦးချောင်းနားအောင်–ဒေါ်လှမဖြူ)တို့၏ သမီးချွေးမ၊ ဦးခိုင်ထွန်း၏ဇနီး၊ မောင်ကျော်ကျော်ဦး (Myanmar Five Star Line)၊ မအေးအေးခိုင်(စာရင်းစစ်ရုံး၊ စစ်တွေ)–မောင်မြင့်တင်၊ မောင်တင်ထွန်းလှိုင်–မဇင်မာဦး၊ မောင်ကျော်စိုးနိုင်၊ မကျော့ကေခိုင်၊ မောင်စိုးမင်းထွေးတို့၏ မိခင်သည် ၁–၆–၂၀၀၄ရက် နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ အာကျိပ်တော်ကုန်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးစင့်ကြည်(ခ) ကြူစင့်ကြည်
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၅၇၊ ၇ လမ်း၊ ဒုတိယထပ်နေ (ဦးကြူဟူမ–ဒေါ်ကျန်ရိုယာ)တို့၏သား၊ တန်ရှုအိမ်(ခ)ဒေါ်ဘေရာ၏ ခင်ပွန်း၊ ဦးကျင်သိန်း၊ ဒေါ်ခင်သိန်း၊ ဦးချန်ကာဝိုး–ဒေါ်ကြူလေဟွန်း၊ ဦးစိန်လွင်–ဒေါ်မြင့်မြင့်၊ ဒေါ်မြင့်မြင့်လေး၊ ဒေါ်မြင့်မြင့်အေး၊ ဦးမောင်ပို–ဒေါ်ရှုဘီ၊ ဦးမောင်စစ်(ဒါရိုက်တာ၊အဆောင်ကောင်းကုမ္ပဏီ)တို့၏ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၃၀–၅–၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက် ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃–၆–၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ထွေး
အသက်(၈၈)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ် (၉)ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်း၊ အမှတ် ၆၀ နေ (ဦးတင်မောင်)၏ဇနီး၊ (ဦးသက်တင်)–ဒေါ်သန်းသန်း၊ ဦးသန်းအောင်(ဥက္ကဋ္ဌ၊ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ လှိုင်မြို့နယ်)–ဒေါ်မြကြည်၊ ဦးသိန်းစိုး–ဒေါ်တင်တင်ညွန့်တို့၏မိခင်၊မြေး ၁၄ယောက်၊ မြစ် ၁၂ယောက်တို့၏အဘွားသည် ၃၁–၅–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၃း၁၅ နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂–၆–၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဟန်စိန်
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၆၊ ဘိုကလေးဈေးလမ်းနေ (ဦးကျင်ခဲ–ဒေါ်ကြင်ရွှေ)တို့၏သား၊ ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ ဦးစိုးနိုင်–ဒေါ်လှလှမြင့်၊ ဦးမြင့်ထွန်း–ဒေါ်တင်တင်အေး၊ ဦးမြင့်သိန်း–ဒေါ်ခင်ဆွေမြင့်၊ ဦးဇော်သူဆန်း–ဒေါ်အေးအေးသက်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁–၆–၂၀၀၄ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃–၆–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြင့်စိုး (R.T.C)
အသက်(၅၅)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊အမှတ်၁၁၆(ခ)၊၂လမ်း(အရှေ့)၊ ကေတုမာလာရိပ်သာနေ(ဦးမောင်ငယ်–ဒေါ်အေး)တို့၏သား၊ (ဦးသိန်းအောင်–ဒေါ်လှကြည်)တို့၏သားသမက်၊ဒေါ်ငွေးငွေးတင့်၏ခင်ပွန်း၊ကိုလှစိုး–မနီနီအောင်၊ မခိုင်ခိုင်အောင်(FMI, Daewoo)၊မဇာခြည်စိုး(AWB ရုံးချုပ်)တို့၏ ဖခင်၊ မောင်ကောင်းမြတ်သူ၏ အဘိုးသည် ၃၁–၅–၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးဝင်း(ခ)အော်ဂူးစိန်း
(ထားဝယ်)
အသက်(၅၇)နှစ်

ထားဝယ်မြို့၊ ဒေါင်းငူရပ်၊ မင်္ဂလာလမ်းနေ (ဦးခီးရောင်–ဒေါ်ကင်ချွန်း)တို့၏သား၊ ဦးခင်မောင်တင်–ဒေါ်ကြူငွေးတို့၏ညီ/မောင်၊ ထားဝယ်မြို့၊ အမှတ် ၁၁၁၊ ဈေးတောင်ဘက်လမ်း၊ ခုံဝင်းဒပ်ရပ်နေ ဒေါ်ဂင်ကြွယ်၏ခင်ပွန်း၊ မနွေးနွေးစန်း၊ မောင်မောင်လေပြေအေး၊ မဖွေးဖွေးစန်း၊ မောင်မောင်သော်တာငွေး တို့၏ဖခင်သည် ၃၁–၅–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၁၁၅/ဘီ၊ တတိယထပ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့် နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ တေဇဗလမဟာထေရ် (ထားဝယ်)
သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အောင်သုခလမ်း၊ သုခရိပ်သာကျောင်းတိုက်၏ဦးစီးပဓာန မဟာနာယက ရန်ကုန်မြို့ ထားဝယ်ဆရာတော်များဦးစီးသော ထားဝယ်ရဟန်းတော်များနာရေးထောက်ပံ့မှုအသင်းနှင့် ပရိယတ္တိနုဂ္ဂဟစာမေးပွဲအောင်ဆုချီးမြှင့်ရေးအသင်း၏ ဩဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တ တေဇဗလမဟာထေရ်မြတ်သည် ၁၃၆၆ခုနှစ် နယုန်လဆန်း ၁၂ ရက် (၃၀–၅–၂၀၀၄ရက်) တနင်္ဂနွေနေ့ နံနက် ၉း၃၀ နာရီတွင် အထက်ပါကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါ၍ (၃–၆–၂၀၀၄ရက်) ကြာသပတေးနေ့ နယုန်လပြည့်ကျော် ၁ ရက် မွန်းလွဲ ၁ နာရီတွင် သုခရိပ်သာကျောင်းတိုက်မှ ရေဝေးသုသာန်သို့ပင့်ဆောင်၍ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (မော်တော်ယာဉ်များ သုခရိပ်သာကျောင်းတိုက်မှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

တပည့်သံဃာတော်များနှင့် ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ စက္ကိန္ဒ (ဓမ္မာစရိယ)
ဒိကနိကာယကောဝိဒ မဟာကမ္မဋ္ဌာနာစရိယ
မဟာဗောဓိတောရသတိပဋ္ဌာန်ရိပ်သာ
ပဓာနနာယကဆရာတော်
သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ

စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်၊ လက်ဟောင်းကြီးကျေးရွာတွင် သီတင်းသုံးတော်မူသော ဆရာတော်ဘဒ္ဒန္တစက္ကိန္ဒသည် ၁၃၆၆ခုနှစ် နယုန်လဆန်း ၁၁ ရက် (၂၉–၅–၂၀၀၄ရက်) ညနေ ၅း၁၅ နာရီတွင် မန္တလေးထွေထွေရောဂါကုဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၃၆၆ခုနှစ် နယုန်လပြည့်နေ့ (၂–၆–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့တွင် စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်၊ လက်ဟောင်းကြီးကျေးရွာ၊ မဟာဗောဓိတောရ၌ အန္တိမဈာပနပူဇော်ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အရှင်ပညာနန္ဒ (သာသနဓဇဓမ္မာစရိယ)(မြောင်းမြ)
သက်တော်(၄၈)နှစ်၊ သိက္ခာတော်(၂၈)ဝါ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ သွေးဆေးကန်တိုက် တောင်ငူကျောင်း၌ သီတင်းသုံးတော်မူသော အရှင်ပညာနန္ဒသည် ၁၃၆၆ခုနှစ် နယုန်လဆန်း ၁၃ ရက် (၃၁–၅–၂၀၀၄ရက်) တနင်္လာနေ့ ညနေ ၃း၄၀ နာရီတွင် ရန်ကုန်မြို့ ဗဟိုရ်စည်အထူးကုဆေးခန်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၃၆၆ ခုနှစ် နယုန်လပြည့်ကျော် ၂ ရက် (၄–၆–၂၀၀၄ရက်) သောကြာနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနသဘင်ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။ (ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ ဘီအိုစီ၊ ပိဋကတ်တိုက်ကျောင်းရှေ့မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ဘီအိုစီကျောင်းဆရာတော်နှင့်တပည့်ဒါယကာ၊ဒါယိကာမများ။

ဦးလှစိန်
တိုင်းဦးစီးဌာနမှူး(ငြိမ်း)
(အလုပ်သမားဦးစီးဌာန)
I.L.O လေ့ကျင့်ရေးပါရဂူ
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊အမှတ်(၁)ရပ်ကွက်၊ အမှတ် ၁၊ ဖေယျာသီရိလမ်းနေ (ဦးဘိုးရှိမ်း–ဒေါ်ထွေး)တို့၏ သား၊ ကျောက်တန်းမြို့၊ ဆင်ကန်ရပ်နေ (ဦးဘိုးကွယ် – ဒေါ်အေးကြည်)တို့၏ သားသမက်၊ (ဦးမောင်မောင်ကြီး–ဒေါ်ကြိုင်ကြိုင်)၊(ဦးလှမြင့်–ဒေါ်ကြည်ညွန့်)၊ (ဦးကျော်ညွန့်)–ဒေါ်စိုးကြည်တို့၏ညီ/မောင်၊ (ဦးစောညွန့်–ဒေါ်တင်တင်ကြည်)၊ (ဦးဆိပ်)–ဒေါ်တင်တင်ညွန့်၊ ဒေါ်ခင်လှညွန့်၊ (ဦးခင်မောင်ညွန့်)တို့၏ အစ်ကို၊ (ဦးသန်းစိုး)–ဒေါ်ညွန့်ညွန့်စိန် (သမဦးစီးဌာနရုံးချုပ်)တို့၏ဖခင်၊မအိအိသန်း(အာရှနေဘဏ်)၊ မလွင်လွင်သန်း၊ မနှင်းနှင်းလွင်၊ မအေးသန္တာတို့၏အဘိုး၊ (ဒေါ်ကြည်စိန်)၏ခင်ပွန်းသည် ၁–၆–၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃–၆–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်မောင်ဝင်း (ပခုက္ကူ)
အထက်တန်းကျောင်းအုပ်ကြီး(ငြိမ်း)
(ဖယ်ခုံ)
အသက်(၆၅)နှစ်

ပခုက္ကူမြို့နေ (ဦးဘို–ဒေါ်သိန်း)တို့၏သားကြီး၊ (ဦးသံတိုင်–ဒေါ်နိုင်)တို့၏ သားသမက်၊ ဒေါ်တင်တင်ရီ (အတာ)(အထပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်ဆွေဆွေဝင်း(လက်ထောက် ကထိက၊ မန္တလေး၊ သမဝါယမ ကောလိပ်)၊ ဒေါက်တာမျိုးလှိုင်–ဒေါ်တင်ဝင်း(ဓိဝက အထူးကုဆေးတိုက်၊မန္တလေး)၊ဒေါက်တာတင်မောင်ထွေး (ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးဌာန၊ ပခုက္ကူ)–ဒေါ်စုမာမြင့်တို့၏အစ်ကိုကြီး၊ မသီရိမျိုးလှိုင်(Bagan Cyber Tech)၊ နေလှမျိုးလှိုင် (Final Part–1၊ မန္တလေး)၊ ယမုံစုထွေး၊ မချိုစုထွေးတို့၏ ဦးကြီးသည် ၁–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂–၆–၂၀၀၄ရက်တွင် ပခုက္ကူမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးကျော်လှိုင်(ခ)အမော်ကောက်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ၁၃ လမ်း၊ အမှတ် ၂၄ နေ (ဦးဘငြိမ်း–ဒေါ်ကြိုင်တိ)တို့၏ သားကြီး၊ ဒေါ်ကျော့စိန်၏ ခင်ပွန်း၊ ကိုဝင်းစိန်–မစိန်စိန်လှိုင်၊ ကိုမောင်မောင်အေး–မဝင်းဝင်းလှိုင်၊ ကိုမြင့်စိုးဝင်း–ဒေါက်တာငွေးငွေးအောင်တို့၏ ဖခင်၊ မောင်ကိုကိုလှိုင်ဦး၊ မထက်ထက်အေး၊ မစုမြတ်အေးတို့၏အဘိုးသည် ၃၁–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဲတပ်ကြပ်သက်သက်
မန္တလေးယာဉ်ထိန်းရဲတပ်ဖွဲ့
မြေနီကွင်းကျောင်းနှင့်
အထက(၁၂)ကျောင်းသားဟောင်း
အသက်(၄၀)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၅ လမ်း၊ ၂၈ x ၂၉ ကြား၊ စိတြမဟီရပ်နေ (ရဲအုပ်ဦးကျော်–ဒေါ်ကြည်လင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးတင်ငွေ) (အငြိမ်းစား၊ ရာဖြတ်အင်စပက်တော်)–ဒေါ်စန်းမြင့်တို့၏သားသမက်၊ ပြင်ဦးလွင်မြို့နေ ဦးသန်းမြင့်–ဒေါ်အုန်းကြည်တို့၏ညီ၊ မန္တလေးမြို့နေ ဦးမောင်မောင်၊ ဒေါ်သီသီနွယ်၊ ဒေါ်ခင်သန်းနွဲ့၊ ဦးကျော်ရှိန်–ဒေါ်ညိုညိုနွယ်၊ ဦးအောင်သန်း (တပ်မတော်သားရေစက်ရုံ)–ဒေါ်ချိုချိုနွယ်တို့၏မောင်၊ ဦးခင်မောင်ဦး–ဒေါ်တင်တင်မာ၊ ရန်ကုန်ဆိပ်ကမ်းရဲစခန်းနေ ဒုရဲအုပ်ရွှေငွေး–ဒေါ်သင်းသင်းမာတို့၏အစ်ကို၊ မအိမွန်သက်ပိုင်(တတိယနှစ်၊ဘူမိဗေဒ၊ကျောက်ဆည်တက္ကသိုလ်)၊ မစုမွန်သက်ပိုင်(ဒသမတန်း၊ အထက–၁၉)၊ မောင်စစ်ငြိမ်းပိုင်(ပဥ္စမတန်း–အေ၊ အထက–၁၂)တို့၏ဖခင်၊ သမီးတော်ဈေး၊ လမ်း ၉၀၊ ယာဉ်ထိန်းအိမ်ထောင်သည်လိုင်းနေ ဒေါ်သက်သက်မာ၏ ခင်ပွန်းသည် ၁–၆–၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

မြန်မာနိုင်ငံက မလေးရှားနိုင်ငံနှင့်ဆက်ဆံရေး များစွာတန်ဖိုးထား နှစ်နိုင်ငံအကြား တည်ရှိပြီးချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့သွားမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

မလေးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၌ရင်းနှီးမြှုပ်နှံမှုများပိုမိုတိုးချဲ့သွားရန်ဆန္ဒရှိ နှစ်ဦးနှစ်ဖက်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်မည်

မလေးရှားဝန်ကြီးချုပ်

ရန်ကုန် ဇွန် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီ ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးရန် ယနေ့မွန်းလွဲ ၂နာရီတွင် အထူးယာဉ်တန်းဖြင့် ပူထရာဂျာရာမြို့ရှိ ဝန်ကြီးချုပ်ရုံးသို့ရောက်ရှိကြရာ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီအာမက် ဘာဒါဝီက ကြိုဆိုနှုတ်ဆက်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ရုံး ပုတ္တရာဂျာယာရှိ ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင်ဟာဂျီ အာမက် ဘာဒါဝီတို့ အထူး အစည်းအဝေးပြုလုပ်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံအစုအဖွဲ့ အစည်းအဝေးများကျင်းပ အကြံပြုစာတမ်းများဖတ်ကြားဆွေးနွေးတင်ပြ

ရန်ကုန် ဇွန် ၁

အမျိုးသားညီလာခံအစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသည့်ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ***စာမျက်နှာ ၁၂ ကော်လံ ၁*** *

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

Euro 2004 PORTUGAL

အီတလီက တူနီးရှားကို အဝေးကွင်း၌ဂိုးပြတ်နိုင် တစ်ကျော့ပြန်ပိုလ်စွဲနိုင်သည်ဟုရေပန်းစားလာ

ကိုဇွေး စုစည်းတင်ပြသည်

ရန်ကုန် ဇွန် ၁

၂၀၀၄ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ အကြိုချစ်ကြည်ရေးခြေစမ်းပွဲများကျင်းပလျက်ရှိရာ ခြေစွမ်းပြနိုင်သောအသင်းများထဲတွင် အီတလီအသင်းလည်း ပါဝင်လာသည်။ အီတလီအသင်းသည် ယူရို၂၀၀၀ ပြိုင်ပွဲ၌ ဒုတိယနှင့်ကျေနပ်ခဲ့ရသည်။ ၁၉၆၈ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲတွင် ဖိုလ်စွဲခဲ့ပြီးနောက်ပိုင်း ဖိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်းမှာ အမြင့်မားဆုံးအောင်မြင်မှုပင်ဖြစ်သည်။ ***စာမျက်နှာ ၁၄ ကော်လံ ၁*** ▼